# ကြေးမုံ
The Mirror

၁၃၆၈ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၇ ရက်၊ သောကြာနေ့၊ (9-3-2007) (၅၂၅၆)


**နိုင်ငံရေး ဦးတည်ချက် (၄)ရပ်**

- ✻ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်း သာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက် (၄)ရပ်**

- ✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက် အောင် တည်ဆောက်ရေး
- ✻ ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ် လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်း အနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက် အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီး နိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်း သား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေး ဦးတည်ချက် (၄)ရပ်**

- ✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့် စာရိတ္တမြင့်မားရေး
- ✻ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး





ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ Royal Ruby Jade Hotel Resort and Spa ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

# ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ Royal Ruby Jade Hotel Resort and Spa ဖွင့်ပွဲ တက်ရောက်ချီးမြှင့်ပြီး ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေး

ရန်ကုန် မတ် ၈

**ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းနှင့် တော်ဝင်လမ်းထောင့်ရှိ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ Royal Ruby Jade Hotel Resort and Spa ဖွင့်ပွဲအခမ်း အနားသို့ တက်ရောက်အားပေးချီးမြှင့်ပြီး ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။**

ဖွင့်ပွဲအခမ်းအနားသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်း၊ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် အုန်းမြင့်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဦးတင်စိုး၊ တွဲဖက်အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ပတ္တမြားနဂါးကုမ္ပဏီများ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ ဝန်ထမ်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။



ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းနှင့် တော်ဝင်လမ်းထောင့်ရှိ Royal Ruby Jade Hotel Resort and Spa အဆောက်အအုံကို တွေ့ရစဉ်။ (သတင်းစဉ်)

ဖွင့်ပွဲအခမ်းအနား ပထမပိုင်းကို နံနက် ၇နာရီခွဲတွင် တော်ဝင်လမ်းရှိ ဟိုတယ်အဝင်မုခ်ဦး ရှေ့၌ ကျင်းပရာ ရှေးဦးစွာ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် ပတ္တမြားနဂါး ကုမ္ပဏီများဥက္ကဋ္ဌ ဦးနေဝင်းထွန်းတို့က ဖဲကြိုး ဖြတ်၍ ဟိုတယ်မုခ်ဦးကို ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ရန်ကုန်တိုင်း အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်းက စက်ခလုတ်နှိပ်၍ မုခ်ဦးရှိ ဟိုတယ်ဆိုင်းဘုတ်ကို ဖွင့်လှစ်ပေးသည်။

ယင်းနောက် ဖွင့်ပွဲအခမ်းအနား ဒုတိယ ပိုင်းကို ဟိုတယ်ဥပစာ၌ ကျင်းပရာ ရန်ကုန်တိုင်း

**စာမျက်နှာ ၈ ကော်လံ ၁ သို့ ▲**

**နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။**

ကြေးမုံ
The Mirror

၉-၃-၂၀၀၇
(သောကြာနေ့)

## ရေနံနှင့်သဘာဝဓာတ်ငွေ့ ကမ်းလွန်လုပ်ကွက်များ တိုးချဲ့ရှာဖွေ

မြန်မာနိုင်ငံ၏ ဘူမိအနေအထားသည် ရေနံနှင့်သဘာဝဓာတ်ငွေ့များ ရှာဖွေထုတ်လုပ်ရန် အလားအလာကောင်းများရှိသည်။ စွမ်းအင်ဝန်ကြီးဌာနက ပြည်တွင်း၌ စွမ်းအင်ပြည့်ဝဖူလုံစေရေးနှင့် နိုင်ငံအကျိုးစီးပွား ဖြစ်ထွန်းရေးအတွက် ရေနံနှင့် သဘာဝဓာတ်ငွေ့များကို ကုန်းတွင်းပိုင်းနှင့် ကမ်းလွန်ဒေသတို့တွင် တိုးချဲ့ရှာဖွေထုတ်လုပ်လျက်ရှိသည်။

မြန်မာ့ကမ်းလွန် ပင်လယ်ပြင်တွင် စမ်းသပ်တူးဖော်တွေ့ရှိချက်များအရ စီးပွားဖြစ် သဘာဝဓာတ်ငွေ့သိုက်များ တူးဖော်ထုတ်လုပ်ရန် အလားအလာကောင်းမွန်နေသည်။ မုတ္တမကမ်းလွန်လုပ်ကွက်၊ တနင်္သာရီကမ်းလွန် ရဲတံခွန်လုပ်ကွက်၊ ရခိုင်ကမ်းလွန် ရွှေလုပ်ကွက်တို့တွင် ပြည်ပရေနံရှာဖွေရေး ကုမ္ပဏီများနှင့် အကျိုးတူပူးပေါင်း လုပ်ကိုင်လျက်ရှိသည်။

ယခုအခါ စွမ်းအင်ကဏ္ဍ၌ ရုရှားဖက်ဒရေးရှင်း၊ အိန္ဒိယ၊ ဗြိတိန်၊ ကနေဒါ၊ တရုတ်၊ အင်ဒိုနီးရှား၊ တောင်ကိုရီးယား၊ မလေးရှားနှင့် ထိုင်းနိုင်ငံတို့မှ ကုမ္ပဏီများသည် ရေနံနှင့်သဘာဝဓာတ်ငွေ့များ ရှာဖွေတူးဖော်လျက်ရှိရာ အချို့လုပ်ကွက်များ၌ ထုတ်လုပ်မှုလုပ်ငန်းများ စတင်ဆောင်ရွက်နေကြပြီဖြစ်သည်။

မုတ္တမကမ်းလွန်လုပ်ကွက်အမှတ် M-9 တွင် ဇောတိက(၁)၊ ဃောသကနှင့် ကာကောဏ္ဏ(၁) ရှာဖွေရေးတွင်း သုံးတွင်းကို စမ်းသပ်တူးဖော်လျက်ရှိရာ စီးပွားဖြစ် သဘာဝဓာတ်ငွေ့သိုက်ကိုတွေ့ရှိနေပြီဖြစ်သည်။ အစမ်းတွင်းအမှတ် ဇောတိက(၁)ကို စမ်းသပ်တူးဖော်ခဲ့ရာ သဘာဝဓာတ်ငွေ့ ခိုအောင်းနေမှု ၂ဒသမ ၅ ထရီလီယံကုဗပေ ရှိကြောင်း သိရသည်။

အလားတူ မုတ္တမကမ်းလွန်လုပ်ကွက် အမှတ်M-9ရှိ ရှာဖွေရေးတွင်းအမှတ် ကာကောဏ္ဏ(၁)ကို ဖေဖော်ဝါရီလ အတွင်းက စမ်းသပ်တူးဖော်ခဲ့ရာ တစ်ရက်လျှင် သဘာဝဓာတ်ငွေ့ ကုဗပေ ၂၁သန်း ထုတ်လုပ်နိုင်ကြောင်း တွေ့ရှိရသည်။

မြန်မာနိုင်ငံ၏ ရေနံနှင့်သဘာဝဓာတ်ငွေ့ ဖြစ်ထွန်းတည်ရှိနေမှု အလားအလာများကို အခြေခံ၍ ကုန်းတွင်းပိုင်း ရေနံမြေများတွင် သာမက ကမ်းလွန်ပင်လယ်ပြင် လုပ်ကွက်များ၌ပါ ဆက်လက်ရှာဖွေ စမ်းသပ်တူးဖော်ကြခြင်းဖြင့် ရေနံနှင့် သဘာဝဓာတ်ငွေ့များ စီးပွားဖြစ် ပိုမိုတိုးတက်ထုတ်လုပ်လာနိုင်မည် ဖြစ်ပါသည်။ ။




### ပေးအပ်လှူဒါန်း

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်းအနောက်ဘက်) တိုးချဲ့မြေနှစ်ဧကဝယ်ယူရန်နှင့် သာသနိကအဆောက်အအုံများ ဆောက်လုပ်ရန်အတွက် သာသနာပြုဆရာကြီး ဦးမင်းလွင် ဦးဆောင်သော မြန်မာပြည် ရှင်ယိဗုဒ္ဓသာသနာပြုအဖွဲ့သူ၊ အဖွဲ့သားများက ပထမအကြိမ် ငွေကျပ် ၂၀၀၀၀၀ကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်း အမှူဆောင်ဆရာတော် အရှင်ဝိနယ (ဝံသမေဒိနီ) ရှေ့မှောက်၌ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

**ပြည်သူ့သဘောထား**

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။






ကချင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့် အမှတ်(၁) စက်မှုဝန်ကြီးဌာန အထူးဈေးရောင်းပွဲတော် (မြစ်ကြီးနား)မုခ်ဦးဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

## တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့် အမှတ်(၁)စက်မှုဝန်ကြီးဌာန အထူးဈေးရောင်းပွဲတော်(မြစ်ကြီးနား)ဖွင့်ပွဲတက်ရောက်

နေပြည်တော် မတ် ၈

**အမှတ်(၁)စက်မှုဝန်ကြီးဌာန အထူးဈေးရောင်းပွဲတော်(မြစ်ကြီးနား)ဖွင့်ပွဲကို မတ် ၂ ရက် နံနက် ၈ နာရီက မြစ်ကြီးနားမြို့ ငြိမ်းချမ်းသာယာ အားကစားကွင်း၌ ကျင်းပရာ အခမ်းအနားသို့ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်နှင့်ဇနီး၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်စံထွန်းနှင့်တပ်မတော်အရာရှိကြီးများ၊ အမှတ်(၁)စက်မှုဝန်ကြီးဌာနမှ ဗိုလ်မှူးကြီးဝင်းမြင့်နှင့်တာဝန်ရှိသူများ၊ ပြည်နယ်အတွင်းရေးမှူးဦးမောင်မောင်ဝင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့များ၊ မြို့မိမြို့ဖများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။**

အစီအစဉ်အရ ရှေးဦးစွာ ပြည်နယ်အတွင်းရေးမှူး ဦးမောင်မောင်ဝင်းနှင့် အမှတ်(၁) စက်မှုဝန်ကြီးဌာနမှ ဗိုလ်မှူးကြီးဝင်းမြင့်တို့က အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်က ဈေးရောင်းပွဲတော်မုခ်ဦးဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ထို့နောက် တိုင်းမှူးနှင့်ဧည့်သည်တော်များသည် ဈေးရောင်းပွဲတော်အတွင်း အမှတ်(၁) စက်မှုဝန်ကြီးဌာနမှ ထုတ်လုပ်သည့် လူသုံးကုန်ပစ္စည်းများ၊ အဝတ်အထည်များ၊ ပြခန်းနှင့်အရောင်းဆိုင်များ၊ ပြည်နယ်ယဉ်ကျေးမှု ဦးစီးဌာနမှ ဖွင့်လှစ်ပြသရောင်းချလျက်ရှိသည့် တိုင်းရင်းသားရိုးရာ အဝတ်အထည်အရောင်းဆိုင်နှင့် အလှဆင်ပန်းပျိုးပင် မျိုးစေ့အရောင်းဆိုင်ပြခန်းများ၊ စက်မှုလယ်ယာဦးစီးဌာနမှ ထုတ်လုပ်သည့် လယ်ယာသုံးစက်ကိရိယာနှင့် ကြက်ဆူဆီကြိတ်စက် အရောင်းပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

အထူးဈေးရောင်းပွဲတော်ကို မတ် ၈ ရက်အထိ ခင်းကျင်းပြသ ရောင်းချကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ (၁၂၁)ကြိမ်မြောက် အစည်းအဝေးကျင်းပ

ရန်ကုန် မတ် ၈

**ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ (၁၂၁)ကြိမ်မြောက် အစည်းအဝေးကို ယမန်နေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ၅၁ လမ်းရှိ ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

ရှေးဦးစွာ ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီး ကျော်ကျော်ထွန်းက အမှာစကားပြောကြားသည်။

ထို့နောက် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ အတွင်းရေးမှူး၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးလှစိုးက ယခင်အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ထားရှိမှု အခြေအနေကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ တွဲဖက်အတွင်းရေးမှူး ဒုတိယရဲမှူးကြီးအောင်နိုင်က ၂၀၀၇ခုနှစ် ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလအတွင်း ယာဉ်စည်းကမ်းထိန်းသိမ်းရေးလုပ်ငန်း ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြဆွေးနွေးသည်။

ထို့နောက် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကော်မတီဝင်များက လုပ်ငန်းဆောင်ရွက်ချက်များကို အကြံပြုဆွေးနွေးကြပြီး ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီး ကျော်ကျော်ထွန်းက နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

ယာဉ်စည်းကမ်း ထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယ တိုင်းမှူး ဗိုလ်မှူးကြီးကျော်ကျော်ထွန်း ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ (၁၂၁) ကြိမ်မြောက် အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)




**မူးယစ်ကိုပစ်
ပန်းတိုင်သစ်
စိတ်သစ်လူသစ်
ဘဝသစ်**



လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်ရန် နေပြည်တော်လေဆိပ်မှ ထွက်ခွာရာ ပို့ဆောင် နှုတ်ဆက်သူများနှင့်အတူ တွေ့ရစဉ်။ (လယ်/ဆည်)

# ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး ခေါင်းဆောင်သောအဖွဲ့ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံသို့ ထွက်ခွာ

**နေပြည်တော် မတ် ၈**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Sitaheng Rasphone ၏ ဖိတ်ကြားချက်အရ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးအဖြစ် ယမန်နေ့မွန်းလွဲပိုင်းတွင် နေပြည်တော်လေဆိပ်မှ လေကြောင်းခရီးဖြင့်ထွက်ခွာသွားရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ၊ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ကြသည်။

မြန်မာကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်များအဖြစ် စိုက်ပျိုးရေးစီမံကိန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်ထွဋ်ဦး၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအုန်းသန်းနှင့် ဆည်မြောင်းဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးခင်ဇော်တို့ လိုက်ပါသွားကြကြောင်း သိရှိရသည်။ (သတင်းစဉ်)



**မတ် ၄ရက်က ရေကြည်မြို့နယ် အသင်း (ရန်ကုန်)၏ (၂၈)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး၊ ပညာရည် ထူးချွန်ဆုပေးပွဲနှင့် သက်ကြီးပူဇော်ပွဲတွင် အသင်းသူ၊ အသင်းသားများက အဘိုးအဘွားများအား ကန်တော့ပစ္စည်းဖြင့် ပူဇော်ကန်တော့ကြစဉ်။** (က-ပ)

## ၂၀၀၆ခုနှစ်အတွက် ပခုက္ကူဦးအုံးဖေ စာပေဆုနှင့် ပညာရည်ချွန်ဆု ဆုချီးမြှင့်ပွဲအတွက် နှိုးဆော်

**နေပြည်တော် မတ် ၈**

၂၀၀၆ခုနှစ်အတွက် ပခုက္ကူဦးအုံးဖေ တစ်သက်တာ စာပေဆု၊ စာပေဆု၊ ယဉ်ကျေးမှုတက္ကသိုလ်ပညာသင်ဆုနှင့် ပညာရည်ချွန်ဆုရသူများ၏ အမည်စာရင်းများကို ဖေဖော်ဝါရီ ၂၇ရက်ထုတ် သတင်းစာများတွင် ကြေညာခဲ့ပြီးဖြစ်သည်။

ဆုချီးမြှင့်ပွဲအခမ်းအနားကို မတ် ၁၇ရက် (စနေနေ့) နံနက် ၉နာရီတွင် ပခုက္ကူမြို့ ပြည်သာယာခန်းမ၌ကျင်းပမည်ဖြစ်ရာ မိမိအစီအစဉ်ဖြင့် ပခုက္ကူမြို့သို့ သွားရောက်မည့်သူများသည် မတ် ၁၆ရက် မွန်းတည့်ချိန် နောက်ဆုံးထား၍ ရောက်ရှိရမည်ဖြစ်ပြီး ရန်ကုန်မြို့မှ လိုက်ပါမည့်စာပေဆုရသူများသည် မတ် ၁၂ရက်နောက်ဆုံးထား၍ စာတည်းမှူးချုပ် စာပေဗိမာန်၊ အမှတ်(၅၂၉-၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း-၀၁-၂၄၀၀၄၈နှင့် ၃၈၁၄၄၉တို့သို့ အမြန်ဆုံး ဆက်သွယ်ညှိနှိုင်းကြရမည်ဖြစ်သည်။

ပညာရည်ချွန်ဆုရရှိသူများသည် ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ရန်ကုန်မြို့ ဖုန်း-၅၅၄၃၁၄သို့ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။ စာပေဆု၊ ပညာရည်ချွန်ဆုရသူအားလုံးသည် မတ် ၁၆ရက် ည ၇နာရီတွင် ပခုက္ကူမြို့ ပြည်သာယာခန်းမ၌ကျင်းပမည့် အစမ်းလေ့ကျင့်ပွဲသို့ မပျက်မကွက် တက်ရောက်ကြရန် နှိုးဆော်ထားကြောင်း သိရှိရသည်။

### ယှဉ်ပြိုင်နိုင်

၂၀၀၇ခုနှစ်အတွက် ပခုက္ကူဦးအုံးဖေ စာပေဆု ဘာသာရပ်ငါးမျိုးဖြစ်သော ကဗျာပေါင်းချုပ်၊ ဝတ္ထုရှည်၊ ဝတ္ထုတိုပေါင်းချုပ်၊ ကျမ်းစာပေနှင့် သုတေသနစာပေဆုများအတွက် ပြိုင်ပွဲဝင်ရန် စာမူများကို စာပေဗိမာန်က လက်ခံလျက်ရှိရာ ၂၀၀၇ခုနှစ် စက်တင်ဘာ ၃၀ရက် နောက်ဆုံးထား၍ တင်သွင်းယှဉ်ပြိုင်နိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## မဟာကဿပသဃ အောင်သိဒ္ဓိစေတီ ရွှေထီးတော်တင်မည်

**ရန်ကုန် မတ် ၈**

သန်လျင်မြို့နယ် လက်ယက်စမ်းကျေးရွာအုပ်စု ကျိုက်အင်းကျေးရွာရှိ ရေးဟောင်းသမိုင်းဝင် မဟာကဿပသဃ အောင်သိဒ္ဓိ ဆုတောင်းပြည့်စေတီတော် ရွှေထီးတော်တင်လှူပူဇော်ပွဲကို မတ် ၁၁ ရက် (တနင်္ဂနွေနေ့) နံနက် ၇ နာရီတွင် ကျင်းပမည်ဖြစ်ရာ ရပ်နီးရပ်ဝေးမှ အလှူရှင်များအချိန်မီ ကြွရောက်ကြည်ညိုပူဇော်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)




**ရန်ကုန်မြို့ လသာမြို့နယ် ၁၉လမ်းနေ ဦးမြသိန်း၊ ဒေါ်မြင့်မြင့်အေး မိသားစုတို့က ဆွမ်းပဒေသာပင် ငွေကျပ်နှစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ တွဲဖက်ဘဏ္ဍာရေးမှူး ဦးမောင်မောင်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။** (ဘိုးဘွားရိပ်သာ)

**ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် ရွှေဘိုမြို့နယ် ချီပါကျေးရွာ ကျေးလက်ဖွံ့ဖြိုးရေး အခြေစိုက်စခန်းဖွင့်ပွဲသို့ တက်ရောက်အားပေးစဉ်။** (အား/ကာ)

## မြန်မာနိုင်ငံပြန်တမ်း

**နေပြည်တော် မတ် ၈**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအကဲများအား အစမ်းခန့်ကာလ တစ်နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအကဲ ရာထူး၊ ဌာန |
|---|---|
| (က) ဦးသန်းထွန်း | ညွှန်ကြားရေးမှူးချုပ်<br>စီမံကိန်းနှင့် စီမံရေးရာဦးစီးဌာန<br>နိုင်ငံခြားရေးဝန်ကြီးဌာန |
| (ခ) ဦးဖေသန်းဦး | ညွှန်ကြားရေးမှူးချုပ်<br>ကောင်စစ်ရေးရာနှင့်ဥပဒေရေးရာဦးစီးဌာန<br>နိုင်ငံခြားရေးဝန်ကြီးဌာန |



# ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် ရွှေဘိုဒီဂရီကောလိပ်နှင့် ညောင်ပင်သာစိုက်ပျိုးရေးသိပ္ပံ အသင်းဝင်အဆိုပြုလွှာ ပေးအပ်ပွဲ တက်ရောက်

နေပြည်တော် မတ် ၈

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်သည် မတ် ၅ရက် နံနက်တွင် ရွှေဘိုမြို့ ပညာ့အလင်း ခေတ်မီစာကြည့်တိုက်၌ကျင်းပသော ကွန်ပျူတာသင်တန်းနှင့် နိုင်ငံတကာဆက်ဆံရေးသင်တန်း အမှတ်စဉ်(၂၇) သင်တန်းဆင်းပွဲသို့ တက်ရောက်အမှာစကားပြောကြားပြီး ထပ်မံဖွင့်လှစ်မည့် သင်တန်းများအတွက် ငွေကျပ်တစ်သိန်းထောက်ပံ့သည်။ ရွှေဘိုမြို့ ပညာ့အလင်း ခေတ်မီ စာကြည့်တိုက်ကို ၂၀၀၁ခုနှစ် ဩဂုတ်မှစ၍ ဖွင့်လှစ်ခဲ့ပြီး ကွန်ပျူတာသင်တန်းများနှင့် နိုင်ငံတကာဆက်ဆံရေးသင်တန်းများ ဖွင့်လှစ်ခဲ့ရာ ယခု အမှတ်စဉ်(၂၇)အထိ သင်တန်းသား၊ သင်တန်းသူ ၂၈၅၀ တက်ရောက်သင်ကြားပြီးဖြစ်သည်။**

ထိုမှတစ်ဆင့် ဝန်ကြီးသည် ရွှေဘိုမြို့နယ် ချီပါကျေးရွာတွင် ကျင်းပသော ကျေးလက်ဖွံ့ဖြိုးရေး အခြေစိုက်စခန်းဖွင့်ပွဲသို့ တက်ရောက်အားပေးပြီး အမှာစကားပြောကြားကာ ၂၁လက်မ ရောင်စုံရုပ်မြင်သံကြားစက် တစ်လုံး၊ အားကစားပစ္စည်းများ၊ ကျောင်းသုံးဗလာစာအုပ်များနှင့် ဂျာနယ်မဂ္ဂဇင်းမျိုးစုံကိုပေးလှူသည်။

ယင်းနောက် ဗဟိုအလုပ်အမှုဆောင်သည် ရွှေဘိုဒီဂရီကောလိပ်တွင် ကျင်းပသော ရွှေဘိုဒီဂရီကောလိပ်နှင့် ရွှေဘိုမြို့ ညောင်ပင်သာ စိုက်ပျိုးရေးသိပ္ပံတို့မှ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ဝန်ထမ်းများ အသင်းဝင် အဆိုပြုလွှာပေးအပ်ပွဲသို့ တက်ရောက်၍ အသင်းကြီး၏ ရည်ရွယ်ချက် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားပြီး ရွှေဘိုဒီဂရီကောလိပ်မှ စုပေါင်းပေးအပ်သော အသင်းဝင်အဆိုပြုလွှာ ၁၅၇၈ စောင်နှင့် ညောင်ပင်သာ စိုက်ပျိုးရေးသိပ္ပံမှ စုပေါင်းပေးအပ်သော အသင်းဝင်အဆိုပြုလွှာ ၁၈၈ စောင်ကို လက်ခံသည်။

ယခုအခါ ရွှေဘိုဒီဂရီကောလိပ်နှင့် ညောင်ပင်သာ စိုက်ပျိုးရေးသိပ္ပံတို့မှ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ဝန်ထမ်းများ ရာနှုန်းပြည့် အသင်းဝင်ပြီးဖြစ်သည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်က ရွှေဘိုဒီဂရီကောလိပ်သို့ ငွေကျပ် ၂၆၅၀၀၀ တန်ဖိုးရှိ Fax တစ်လုံးနှင့် အားကစားပစ္စည်းများ၊ ညောင်ပင်သာ စိုက်ပျိုးရေးသိပ္ပံသို့ ငွေကျပ်တစ်သိန်းနှင့် အားကစားပစ္စည်းများ ပေးလှူသည်။

ယင်းနောက် ဗဟိုအလုပ်အမှုဆောင်သည် ရွှေဘိုမြို့ ရုပ်ပျိုတိုင်းရင်းဆေး စက်ရုံ၌ ကျင်းပသည့် ရွှေဘို၊ ဝက်လက်၊ ခင်ဦးမြို့နယ်များအတွင်း ရဟန်းခံရှင်ပြု အလှူတော်မင်္ဂလာကျင်းပရေး ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက် အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## ဘောဂဝတီကျောင်း သင်္ကြန်တရားစခန်းဖွင့်မည်

**ရန်ကုန် မတ် ၈**

ရန်ကုန်မြို့ သင်္ဃန်းကျွန်းမြို့နယ် ဂန့်ဂေါ်မြိုင်လမ်း (ဂ)ရပ်ကွက် ဘောဂဝတီ ကျောင်းတိုက်တွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော သင်္ကြန်တရားစခန်းပွဲကို ၁၃၆၈ ခု တန်ခူးလပြည့်ကျော် ၁၀ ရက်မှ ၁၃၆၉ခု ကဆုန်လဆန်း ၂ ရက် (ဧပြီ ၁၁ ရက်မှ ၁၇ ရက်)အထိ ကျင်းပမည်ဖြစ်သည်။ တရားအားထုတ်လိုသော ယောဂီများ ကြိုတင်စာရင်းပေးသွင်းကြရန်နှင့် ဧပြီ ၁၀ရက် ညနေ အရောက်လာရောက်ကြရန် နှိုးဆော်ထားသည်။ (က-ပ)



အာဖဂန်နစ္စတန်နိုင်ငံ နာဂျရပ်ခရိုင် ဂျာဘားရွာကို နေတိုးတပ်ဖွဲ့က လေကြောင်းမှတိုက်ခိုက်သဖြင့် အဆောက်အအုံအချို့ ပျက်စီးနေသည်ကို မတ် ၇ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

# အီရန် နျူကလီးယားပြဿနာ ငြိမ်းချမ်းစွာ ဖြေရှင်းရန် ပင်လယ်ကွေ့နိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများ တိုက်တွန်း

**ရီယာ့ဒ် မတ် ၇**

အီရန်နိုင်ငံ၏ နျူကလီးယားပြဿနာနှင့် ပတ်သက်လျှင် ငြိမ်းချမ်းစွာ အဖြေရှာရေး နည်းလမ်းကို ရှာဖွေရမည်ဖြစ်ပြီး အီရန်အနေဖြင့် နိုင်ငံတကာ အဏုမြူစွမ်းအင်အေဂျင်စီနှင့် ပူးပေါင်းဆောင်ရွက်ရန် ခြောက်နိုင်ငံအဖွဲ့ဝင်အဖြစ်ပါဝင်သော ပင်လယ်ကွေ့ ပူးပေါင်းဆောင်ရွက်ရေး ကောင်စီ (ဂျီစီစီ)မှ နိုင်ငံခြားရေး ဝန်ကြီးများက တိုက်တွန်းပြောကြားလိုက်သည်။

၎င်းဝန်ကြီးများသည် ဆော်ဒီအာရေဗျနိုင်ငံ၏ မြို့တော်ရီယာ့ဒ်တွင် တွေ့ဆုံဆွေးနွေးကြသည်။ ဂျီစီစီ အထွေထွေအတွင်းရေးမှူးချုပ် အယ်လ်ဘက်တီယာက အိုင်အေအီးအေမှ ညွှန်ကြားရေးမှူးချုပ် အယ်လ်ဘာရာဒေးနှင့် ဆွေးနွေးခဲ့ကြောင်း အယ်လ်ဘက်တီယာက ယင်းအစည်းအဝေးတွင် အကျဉ်းရုံး ပြောကြားသည်။

အရှေ့အလယ်ပိုင်းဒေသတွင် ဖျက်အားပြင်းလက်နက်များ ကင်းရှင်းရန်လိုအပ်ကြောင်း ဖော်ပြပါ အစည်းအဝေးအပြီး ထုတ်ပြန်သည့် ကြေညာချက်တွင် ဖော်ပြထားသည်။

သို့ရာတွင် နိုင်ငံတကာ သဘောတူညီချက်များနှင့်အညီ အရပ်ဘက်သုံး နျူကလီးယားနည်းပညာ အသုံးပြုရေးအတွက် အခွင့်အရေးကို အသိအမှတ်ပြုရန် လိုအပ်သည်ဟု ကြေညာချက်တွင်ပါရှိသည်။

***အမ်အင်အေ၊ ဆင်ဟွာ။***

# ဘရာဇီးသို့ကန်သမ္မတ လာရောက်မည့်ခရီးစဉ် လယ်သမားများ ကန့်ကွက်ဆန္ဒပြ

**ရီယိုဒီဂျနေးရိုး မတ် ၈**

ဘရားဇီးနိုင်ငံသို့ အမေရိကန်သမ္မတ အလည်အပတ်လာရောက်မည့် ခရီးစဉ်ကို ကန့်ကွက်သည့်အနေဖြင့် မတ် ၇ရက်က ဘရာဇီးလယ်သမားများသည်သံမိုင်းတွင်းနှင့် သကြားစက်များသို့ သွားရောက်၍ ဆန္ဒပြခဲ့ကြသည်။

ဆန္ဒပြခဲ့သော သံမိုင်းတွင်းသည် မီနပ်စ်ဂီရစ်ပြည်နယ်ရှိ စီဗီအာရ်ဒီ ကုမ္ပဏီကပိုင်သော ကပါအိုဇာဗီအာမိုင်းတွင်းဖြစ်သည်။ ယင်းကုမ္ပဏီသည် ကမ္ဘာ့အကြီးဆုံး သံရိုင်းမိုင်းတွင်း ကုမ္ပဏီဖြစ်သည်။

**ထိခိုက်ခြင်းမရှိ**

ဘရာဇီးလယ်သမားများ ဆန္ဒပြသော သကြားစက်မှာ အမေရိကန် နံ့စားသီးနံ့ကုမ္ပဏီကာဂီးလ်က ပိုင်ဆိုင်သည့် ဆီဗာဆာသကြားနှင့်အက်သနောစက်ရုံဖြစ်သည်။ ဆန္ဒပြမှုများဖြစ်သော်လည်း နေရာနှစ်ခုစလုံးတွင် ကုန်ထုတ်လုပ်မှုကို ထိခိုက်ခြင်းမရှိဟု ဆိုသည်။

**ဆွေးနွေးကြဖွယ်ရှိ**

အမေရိကန်သမ္မတ ဘုရှ်သည် ဘရာဇီးသို့ မတ်၉ရက်တွင် ရောက်လာမည်ဖြစ်ပြီး စိုက်ပျိုးရေးထွက်ကုန်များကိစ္စနှင့် ကြံကိုအခြေခံသော အက်သနောများအမေရိကန်သို့ တင်ပို့နိုင်ရေးကိစ္စများကို ဆွေးနွေးကြဖွယ်ရာ ရှိကြောင်းသတင်းက ဖော်ပြသည်။

***အမ်အင်အေ၊ရိုက်တာ။***

# ဂျော်ဒန်ခရီးသွားလုပ်ငန်း
## ၂၀၀၆ခုနှစ်တွင် ၁၇ ဒသမ ၃ ရာခိုင်နှုန်း တိုးတက်လာ

**အမ္မန် မတ် ၇**

ဂျော်ဒန် ခရီးသွားလုပ်ငန်းသည် ၂၀၀၆ခုနှစ်တွင် ဂျော်ဒန်ဒီနာ ၁ဒသမ ၁၆၄ ဘီလီယံ ဝင်ငွေရရှိကြောင်း၊ ရာခိုင်နှုန်းအားဖြင့် ၁၇ ဒသမ ၃ ရာခိုင်နှုန်း တိုးတက်လာကြောင်း ဒေသဆိုင်ရာ သတင်းဌာနက မတ် ၆ ရက်တွင် ပြောကြားသည်။

၂၀၀၆ခုနှစ် ဇန်နဝါရီလတွင် ဥရောပမှ လာရောက်သော ခရီးသည်ဦးရေသည် ၆၀၀၀၀ ရှိကြောင်း၊ ၂၀၀၅ခုနှစ် အလားတူကာလက ၄၂၀၀၀ ရှိကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

**ပိုမိုလာရောက်**

ဂျော်ဒန်နိုင်ငံသို့ လာရောက်မြဲနိုင်ငံများမှ ပြည်ပခရီးသွားဧည့်သည်များ ပိုမိုလာရောက်ရန် ဂျော်ဒန်နိုင်ငံ ခရီးသွားလုပ်ငန်း ဝန်ကြီးဌာနက စီစဉ်လျက်ရှိကြောင်း ဒါဘတ်စ်က ပြောကြားသည်။

**ခရီးသွားပြပွဲ**

မတ်လ ၇ ရက်မှ ၁၁ ရက်အထိ ကျင်းပပြုလုပ်မည့် ၂၀၀၇ ခုနှစ် နိုင်ငံတကာခရီးသွားလုပ်ငန်းပြပွဲ (အိုင်တီဘီ)၌ ဂျော်ဒန်နိုင်ငံ ပါဝင်ပြသရန် ဘာလင်သို့ ဂျော်ဒန်နိုင်ငံ လုပ်ငန်းကိုယ်စားလှယ် သွားရောက်မည်ဖြစ်သည်။

အဆိုပါ ခရီးသွားလုပ်ငန်းပြပွဲတွင် နိုင်ငံ၏သမိုင်းကြောင်းနှင့် ယဉ်ကျေးမှုအမွေအနှစ်ကိုအများသိအောင်ပြသခြင်းအားဖြင့် ဂျော်ဒန်နိုင်ငံသို့ ပြည်ပခရီးသွားဧည့်သည်များ ပိုမိုလာရောက်ရန် အားထုတ် ဆောင်ရွက်သွားမည်ဖြစ်သည်။

***အမ်အင်အေ၊ဆင်ဟွာ။***

ရုရှားနိုင်ငံ မော်စကို ဘာရှိုင်းဇာတ်ရုံတွင် တင်ဆက်ကပြနေသည့် ဘဲလေးအဖွဲ့၏ ကကွက်တစ်ကွက်ကို မတ် ၇ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)



# အီရန်အနောက်ပိုင်း၌ ငလျင်လှုပ် ဒဏ်ရာရရှိသူ၃၅ဦးရှိ

**တီဟီရန် မတ် ၈**

အီရန်နိုင်ငံအနောက်ပိုင်းတွင် မတ် ၇ ရက်က ရစ်ချ်တာစကေးအင်အား ၄ ဒသမ ၈ အဆင့်ရှိ ငလျင်လှုပ်သွားရာ ဒဏ်ရာရရှိသူ၃၅ဦးရှိကြောင်း အိုင်အာရ်အင်န်အေ သတင်းဌာနက ဖော်ပြသည်။ အီရန်နိုင်ငံ လိုရက်စ်တန်ပြည်နယ် ဒိုရော့ဒ်မြို့အနီး ငလျင်လှုပ်သွားကြောင်း၊ အဆိုပါမြို့ရှိ နေအိမ်နှင့် ဆိုင်နံရံများ ပျက်စီးသွားကြောင်း ဒိုရော့ဒ်မြို့အုပ်ချုပ်ရေးမှူး နက်စ်ရိုလာချ်ရက်စ်နိုက ပြောကြားသည်။

***အမ်အင်အေ၊ရိုက်တာ။***

# ဘဂ္ဂဒက်မြို့၌ ပေါက်ကွဲမှုဖြစ် အမေရိကန်တပ်ဖွဲ့ဝင် ခြောက်ဦးသေဆုံး

**ဘဂ္ဂဒက် မတ် ၇**

အီရတ်နိုင်ငံမြောက်ပိုင်း ဘဂ္ဂဒက်မြို့တွင် မတ် ၅ ရက်က ဗုံးပေါက်ကွဲမှုဖြစ်ပွားရာ အမေရိကန်တပ်ဖွဲ့ဝင်ခြောက်ဦးသေဆုံးကြောင်း၊ အီရတ်တွင် အမေရိကန်တပ် ဖွဲ့ဝင်များကို ဆန့်ကျင်တိုက်ခိုက်မှုကြောင့် သေဆုံးသူအများဆုံးစာရင်းတွင် ယင်းပေါက်ကွဲမှုလည်းပါဝင်ကြောင်း အမေရိကန်တပ်ဖွဲ့က မတ် ၆ ရက်တွင် ပြောကြားသည်။

ဆလာဟာဒင်ပြည်နယ်တွင် အမေရိကန်တပ်ဖွဲ့ယာဉ်များအနီး၌ ပေါက်ကွဲမှုဖြစ်ပွားရာ အခြားတပ်ဖွဲ့ဝင် သုံးဦးဒဏ်ရာရရှိသည်။ ပေါက်ကွဲမှုဖြစ်ပွားရသည့် အသေးစိတ် အကြောင်းရင်းများကို အမေရိကန်တပ်ဖွဲ့က ထုတ်ပြန်ပြောကြားခြင်းမရှိပေ။ ဆလာဟာဒင်ပြည်နယ်သည် ဆွန်နီအာရပ်လက်နက်ကိုင်များ စိုးမိုးထားရာနေရာဖြစ်သည်။

၂၀၀၃ ခုနှစ် မတ်လတွင် အီရတ်နိုင်ငံကို အမေရိကန် ဦးဆောင်သောတပ်ဖွဲ့က ကျူးကျော်တိုက်ခိုက်ခဲ့ချိန်နောက်ပိုင်း ယင်းနိုင်ငံတွင် အမေရိကန်တပ်ဖွဲ့ဝင်များ သေဆုံးရမှုမှာ ၃၁၇၀ ကျော်ရှိပြီဖြစ်သည်။

ဘဂ္ဂဒက်တွင် ဂိုဏ်းဂဏတိုက်ခိုက်မှုများ ရပ်စဲသွားရန် အီရတ်နှင့် အမေရိကန် တပ်ဖွဲ့ဝင်များ တတိယရက်သတ္တပတ်မြောက် ကြိုးပမ်းလျက်ရှိသည်။

***အမ်အင်အေ၊ရိုက်တာ။***




# ပရိုတွန်မော်တော်ကားကုမ္ပဏီ အင်ဒိုနီးရှားတွင် ဈေးကွက် ချဲ့ထွင်မည်

**ဂျကာတာ မတ် ၇**

မလေးရှားနိုင်ငံမှ ပရိုတွန်မော်တော်ကားကုမ္ပဏီက အင်ဒိုနီးရှားနိုင်ငံတွင် ဈေးကွက်ချဲ့ထွင်လုပ်ကိုင်မည်ဖြစ်ပြီး လက်ရှိ အငှားမော်တော်ယာဉ်များ ထုတ်လုပ်ရာမှ နောက်ထပ်အခြားမော်တော်ယာဉ်များ တိုးမြှင့်ထုတ်လုပ်သွားမည်ဖြစ်ကြောင်း ဒေသခံ မီဒီယာက ဖော်ပြသည်။ အင်ဒိုနီးရှားနိုင်ငံတွင် တစ်နှစ်လျှင်မော်တော်ကား ၄၀,၀၀၀တိုးမြှင့် ထုတ်လုပ်ရေးအတွက် အမေရိကန်ဒေါ်လာ ၂၆ သန်းရင်းနှီးမြှုပ်နှံမည်ဟု အဆိုပါကုမ္ပဏီကဆိုသည်။

ချဲ့ထွင်ထုတ်လုပ်မည့် မော်တော်ကားဈေးကွက်၏ ရည်ရွယ်ချက်မှာ ပရိုတွန်ကုမ္ပဏီက အငှားယာဉ်သာ ထုတ်လုပ်နေသည်ဟု အင်ဒိုနီးရှားပြည်သူလူထု၏ အမြင်သဘောထားကို ပြောင်းလဲရန်ရည်ရွယ်သည်ဟု ဘစ်စနက်အင်ဒိုနီးရှား စီးပွားရေးသတင်းစာက ဖော်ပြသည်။

ဒေသတွင်းရှိ ပရိုတွန်အီဒါကုမ္ပဏီက ဂျကာတာမြို့တော်ရှိ ချီကာရန်ဒေသတွင် မော်တော်ယာဉ်တပ်ဆင်ရေးစက်ရုံ တည်ဆောက်ထုတ်လုပ်နေသည်။

အင်ဒိုနီးရှားနိုင်ငံရှိ အဓိကမြို့ရှစ်မြို့တွင် မော်တော်ယာဉ်လက်လီရောင်းချနိုင်ရန် အဆိုပါကုမ္ပဏီက စီစဉ်လျက်ရှိသည်ဟု ကုမ္ပဏီအကြီးအကဲဖြစ်သူ ဂန်နာစမ်က ပြောကြားသည်။

***အမ်အင်အေ၊ဆင်ဟွာ။***

နော်ဝေးနိုင်ငံ၌ ကျင်းပသည့် ခရီးရှည် နှင်းလှည်းစီးပြိုင်ပွဲကို မတ် ၇ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)



# အမေရိကန်ပြည်သူ ၂၈ ရာခိုင်နှုန်းသာ အီရတ်စစ်ပွဲအောင်မြင်နိုင်သည်ဟု ရှုမြင်

**ဝါရှင်တန် မတ် ၇**

အမေရိကန်များအနေဖြင့် အီရတ်တွင် ဆင်နွှဲနေသော စစ်ပွဲကို အောင်မြင်နိုင်ရန် အလားအလာရှိ၊ မရှိဟူသော သဘောထားကို သိရှိရန်စစ်တမ်းကောက်ယူခဲ့ရာ ၂၈ ရာခိုင်နှုန်းသော ပြည်သူများကသာ ယခု စစ်ပွဲအောင်မြင်ဖွယ်ရာရှိကြောင်း မျှော်လင့်ကြသည်ဟု မတ် ၆ ရက်တွင် ထွက်ပေါ်လာသည့် စစ်တမ်းက ဖော်ပြသည်။

ယခင်က ထိုအယူအဆနှင့်စပ်လျဉ်း၍ သဘောထားကောက်ခံခဲ့ရာ ၃၅ ရာခိုင်နှုန်းသော ပြည်သူများက စစ်ပွဲအောင်မြင်နိုင်စရာရှိကြောင်း ယုံကြည်သည်ဟု ပြန်ကြားခဲ့ကြသည်။ ထိုအခြေအနေနှင့်ပတ်သက်သော လူထုဆန္ဒသဘောထားကို ၂၀၀၅ ခုနှစ်ကလည်း ကောက်ခံခဲ့သေးသည်။ အထက်တွင် ဖော်ပြသော ၂၈ ရာခိုင်နှုန်းက အောင်မြင်မည်ဟု ယူဆသော သဘောထားသည် အနိမ့်ဆုံးအခြေအနေကို ညွှန်ပြနေသော အမြင်သဘောထားပင် ဖြစ်သည်။

အီရတ်စစ်ပွဲသည် အမေရိကန်နိုင်ငံအတွက် မှားယွင်းသော လုပ်ရပ်ဖြစ်သည်ဟူသော အယူအဆကို စစ်တမ်းတွင် ပါဝင်ဖြေကြားသူ ၆၀ ရာခိုင်နှုန်းနီးပါးက လက်ခံထားကြသည်ဟု ယူအက်စ်အေတူဒေးသတင်းစာက ဂေါလပ်စစ်တမ်းကောက်ယူရေးအဖွဲ့ကို ကိုးကား၍ ဖော်ပြခဲ့သည်။

***အမ်အင်အေ၊ဆင်ဟွာ။***



အိန္ဒိယနိုင်ငံ နယူးဒေလီမြို့၌ကျင်းပသည့် (၇၅)နှစ်မြောက် အိန္ဒိယလေတပ် နှစ်ပတ်လည်နေ့တွင် တိုက်လေယာဉ်များ သရုပ်ပြ ပျံသန်းနေသည်ကို မတ် ၇ ရက်က တွေ့ရစဉ်။

*(ဓာတ်ပုံ-အင်တာနက်)*

# အီရန်၊ ပါကစ္စတန်နှင့် အိန္ဒိယ ဓာတ်ငွေ့ပိုက်လိုင်း သွယ်တန်းမည်

**နယူးဒေလီ မတ် ၇**

အီရန်၊ ပါကစ္စတန်နှင့် အိန္ဒိယနိုင်ငံတို့က အမေရိကန်ဒေါ်လာ ခုနစ်ဘီလီယံ ကုန်ကျမည့်ဓာတ်ငွေ့ပိုက်လိုင်းကို ယင်းနိုင်ငံသုံးနိုင်ငံ၏ နယ်မြေပိုင်နက်အတွင်း အပိုင်းလိုက်တည်ဆောက်သွားရန် သဘောတူညီထားသည်။

အီရန်က ယင်းနယ်မြေအတွင်းရှိ ဓာတ်ငွေ့ပိုက်လိုင်းကို တည်ဆောက်မည်ဖြစ်ပြီး ပါကစ္စတန်ကလည်း ယင်း၏ နယ်မြေအတွင်းရှိ အပိုင်းကို ဆောက်လုပ်ရန် တာဝန်ယူမည်ဖြစ်သည်။ အိန္ဒိယကုမ္ပဏီများက အိန္ဒိယ-ပါကစ္စတန်နယ်စပ်မှ ယင်းတို့နယ်မြေအထိ ဓာတ်ငွေ့ပိုက်လိုင်းကို သွယ်တန်းသွားမည်ဖြစ်သည်ဟု ရေနံဝန်ကြီးဌာနမှ တာဝန်ရှိ ပုဂ္ဂိုလ်တစ်ဦးက ပြောကြားသည်။

***အမ်အင်အေ၊ဆင်ဟွာ။***

## ကြေးမုံ နိုင်ငံခြားသတင်းများ

The Mirror

# အပိုင်စီးခံရသည့်သင်္ဘော ပြန်လွှတ်ရေး စတင်ညှိနှိုင်းနေ

**နိုင်ရိုဘီ မတ် ၇**

ဆိုမာလီနိုင်ငံတွင် လွန်ခဲ့သည့်ရက်သတ္တပတ်အတွင်း အပိုင်စီးခံရသည့် ကုလသမဂ္ဂစင်းလုံးငှား သင်္ဘောပြန်လွှတ်ပေးရေးအတွက် ညှိနှိုင်းဆွေးနွေးမှုများ စတင်ပြုလုပ်နေကြောင်း ဒေသခံနေရှင်းသတင်းစာကရေကြောင်းဆိုင်ရာ သတင်းရပ်ကွက်ကို ကိုးကား၍ အင်္ဂါနေ့က ဖော်ပြသည်။

သို့ရာတွင် ယင်းညှိနှိုင်းဆွေးနွေးမှုများသည် နှေးကွေးနေသည်ဟု သတင်းရပ်ကွက်က ပြောကြားသည်။

ဟမ်ဘီရိုဇင်အမည်ရှိ ယင်းသင်္ဘောပေါ်တွင် ဓားပြလေးဦး လိုက်ပါလာသည်ဟု သင်္ဘောသားကူညီရေး အစီအစဉ်မှ ညှိနှိုင်းရေးမှူးဖြစ်သူ မွမ်ဂူရာက အတည်ပြုပြောကြားသည်။

ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်နေသော်လည်း ဓားပြများက ၎င်းတို့လိုလားချက်ကို တိတိကျကျ တောင်းဆိုခြင်းမရှိဘဲ သင်္ဘောပိုင်ရှင်နှင့် ဆက်သွယ်လိုကြောင်းသာ ပြောကြားသည်။

***အမ်အင်အေ၊ဆင်ဟွာ။***

# တရုတ်၌ ဇီဝဆိုင်ရာလုပ်ငန်း တစ်ဟုန်ထိုး မြင့်တက်

**ပေကျင်း မတ် ၇**

တရုတ်နိုင်ငံ၏ ဇီဝလုပ်ငန်းမှာ တစ်ဟုန်ထိုးမြင့်တက်လျက်ရှိရာ ၂၀၁၀ ပြည့်နှစ်တွင် ဝင်ငွေ ယွမ်ဘီလီယံ ၅၀၀(အမေရိကန်ဒေါ်လာ ၆၄ ဒသမ ၉ ဘီလီယံ)ရရှိရန် ရည်မှန်းထားကြောင်း အမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြုပြင်ပြောင်းလဲရေးကော်မရှင်(အင်ဒီအာစီ)မှ တာဝန်ရှိသူတစ်ဦးက တနင်္လာနေ့တွင် ပြောကြားသည်။

ဇီဝဆေးဝါးနှင့် ဇီဝစိုက်ပျိုးရေးကဏ္ဍတို့ပါဝင်သည့် ဇီဝလုပ်ငန်းသည် တရုတ်နိုင်ငံ၌ အထင်ကရအဆင့်မြင့်နည်းပညာလုပ်ငန်းတစ်ရပ်ဖြစ်လာရန် အလားအလာရှိသည်။

တရုတ်နိုင်ငံသည် ၂၀၀၅ ခုနှစ်တွင် ဇီဝလုပ်ငန်းမှ ဝင်ငွေယွမ် ဘီလီယံ ၂၀၀(အမေရိကန်ဒေါ်လာ ၂၆ ဘီလီယံ) ရရှိခဲ့သည်။ နိုင်ငံအတွင်းရှိ ဇီဝလုပ်ငန်းဆိုင်ရာထုတ်လုပ်မှု အခြေစိုက်စခန်းခုနစ်ခုမှာ တစ်ဟုန်ထိုး တိုးတက်လာပြီး စီးပွားရေး တိုးတက်မှုကို ခိုင်ခိုင်ခံ့ခံ့ဖြည့်ဆည်းပေးလျက်ရှိသည်။

***အမ်အင်အေ၊ဆင်ဟွာ။***



အင်ဒိုနီးရှားနိုင်ငံ ဆူမားတြားကျွန်းအနောက်ပိုင်း ပရာကွန်ဘူအရပ်တွင် ငလျင်လှုပ်ပြီးနောက် အပျက်အစီးများကို မတ် ၆ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

# တူရကီ လေယာဉ်တစ်စင်း အရေးပေါ်ဆင်းသက်ရ

**အန်ကာရာ မတ် ၈**

တူရကီနိုင်ငံရှိ အတ္တလက်စ်လေကြောင်းဌာနမှ ဂျက်လေယာဉ်တစ်စင်းသည် မတ် ၆ ရက်က အစ္စတန်ဘူလ်မြို့သို့ ပျံသန်းနေစဉ် မှားယွင်းသည့် ဗုံးသတိပေးချက်ရရှိခဲ့ပြီးနောက် ယင်းနိုင်ငံတောင်ပိုင်းတွင် အရေးပေါ်ဆင်းသက်ခဲ့ရကြောင်း အနာတိုလီယာသတင်းဌာနက ဖော်ပြထားသည်။

အဆိုပါလေယာဉ်သည် ဆိုက်ပရပ်နိုင်ငံမြောက်ပိုင်း အာကန်လေဆိပ်မှ အစ္စတန်ဘူလ်မြို့သို့ ပျံသန်းလာစဉ် အရေးပေါ် ဆင်းသက်ခဲ့ရသည်။ လေယာဉ်ပေါ်တွင် ဗုံးထောင်ထားသည်ဟု လူတစ်ဦးက လေကြောင်းတာဝန်ရှိသူများထံ ဖုန်းဆက်ခဲ့သည်။

***အမ်အင်အေ၊ဆင်ဟွာ။***

# စစ်တကောင်းတွင် မီးလောင် ၂၁ဦး သေဆုံး

**ဒါကာ မတ် ၇**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ စစ်တကောင်းဆိပ်ကမ်းမြို့ ကျူးကျော်ရပ်ကွက်တွင် မတ် ၆ ရက် နံနက်ပိုင်းက မီးလောင်မှုဖြစ်ပွားရာ အနည်းဆုံး လူ ၂၁ဦး သေဆုံးသွားကြောင်း ရဲတပ်ဖွဲ့နှင့် မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

သေဆုံးသူများတွင် ကလေး ၁၀ဦးနှင့် အမျိုးသမီးရှစ်ဦးပါဝင်သည်ဟု မျက်မြင်တွေ့သူများက ဖော်ပြပြီး ဒဏ်ရာရသူ ၂၅ ဦးကိုလည်း ဆေးရုံသို့ တင်လိုက်ရကြောင်းသိရသည်။ မီးလောင်သောနေရာသည် စစ်တကောင်းမြို့ ဘာကူလီယာအရပ် ဘာဦဈေးရပ်ကွက်အတွင်း၌ ဖြစ်သည်။

***အမ်အင်အေ၊ရိုက်တာ။***



လွန်ခဲ့သော နှစ်ပေါင်း ၁၃၀ကျော်ကတည်းက ပျောက်ကွယ်သွားပြီဟု ယူဆထားသော ညွှံအိုင်ဒေသ၌ ကျက်စားသည့် ဝါဘလာငှက်ငယ်မျိုးကို ထိုင်းနိုင်ငံ ဒေသတစ်နေရာ၌ မတ် ၇ရက်က တွေ့ရစဉ်။

*(ဓာတ်ပုံ-အင်တာနက်)*

# အာဖဂန်နစ္စတန်နိုင်ငံတွင် အီတလီသတင်းထောက် ပျောက်ဆုံးနေ

**ရောမ မတ် ၈**

အီတလီနိုင်ငံရှိ လာရီပတ်ဘလစ်ကာ သတင်းစာတိုက်သည် အာဖဂန်နစ္စတန်နိုင်ငံရောက် ယင်း၏သတင်းထောက်နှင့် လွန်ခဲ့သည့်တနင်္ဂနွေနေ့မှစ၍ ဆက်သွယ်မရ ဖြစ်နေသည်ဟု ပြောကြားပြီး ရောမမြို့တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာနသို့ အကြောင်းကြားထားကြောင်း ရိုက်တာသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။ တာလီဘန် ပြောက်ကျားအုပ်စုက ဗြိတိသျှသတင်းထောက်တစ်ဦးနှင့် အာဖဂန်လူမျိုးနှစ်ဦးကို အာဖဂန်တောင်ပိုင်းရှိ ဟယ်လ်မန်းပြည်နယ်တွင် ပြန်ပေးဆွဲခဲ့သည်ဟု အင်္ဂါနေ့ စောစောပိုင်းက ပြောကြားသည်။ သို့ရာတွင် အသေးစိတ် ပြောကြားခြင်းမရှိပေ။

၎င်းသတင်းထောက်မှာ ဒန်နီလီမတ်စထရိုဂျိယာကိုမိုဖြစ်ပြီး လာရီပတ်ဘလစ်ကာ သတင်းစာအတွက် အာဖဂန်နစ္စတန်နိုင်ငံ ကန်ဒါဟာပြည်နယ်တွင် တာဝန်ထမ်းဆောင်နေခဲ့သည်။

အီတလီနိုင်ငံခြားရေးဝန်ကြီး မာဆီမိုဒီအလီမာကိုယ်တိုင်က ၎င်းသတင်းထောက်နှင့်ပတ်သက်သည့် သတင်းများကိုစုံစမ်းနေသည်ဟု နိုင်ငံခြားရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

***အမ်အင်အေ၊ရိုက်တာ။***

# ကုန်စျေးနှုန်းကျချင်သလား၊ လျှပ်စစ်မီးမှန်ချင်သလား

ငါးမင်းဆွေ

၂၂-၂-၂၀၀၇ရက်နေ့က ရန်ကုန်မြို့ သိမ်ကြီးဈေးအနီး မဟာဗန္ဓုလလမ်းမကြီးပေါ်တွင် ကုန်စျေးနှုန်းကျဆင်းရေးအတွက် ဆန္ဒပြပွဲငယ်တစ်ခု ဖြစ်ပွားခဲ့သည်။ ထိုညပိုင်းတွင် နိုင်ငံခြား အသံလွှင့်ဌာနတို့မှ ထိုသတင်းကို အကျယ်တဝင့် အသားပေး ပြောဆိုသွားသည်။ နိုင်ငံရေးသမားတို့နှင့်လည်း တွေ့ဆုံမေးမြန်းခန်းများ လုပ်ကြသည်။ နိုင်ငံခြားအသံလွှင့်ဌာနများနှင့် နိုင်ငံရေးသမားတို့သည် ဤဆန္ဒပြပွဲငယ်အကြောင်းကို အကျယ်ချဲ့၍ ယနေ့တိုင် ပြောမဆုံး ဖြစ်နေကြသည်။ မင်းကိုနိုင်တို့အဖွဲ့ကို သက်ဆိုင်ရာကခေါ်သွားစဉ်ကလည်း ထိုသူတို့သည် ပြောမဆုံးပေါင် တောသုံးထောင်ဖြစ်ခဲ့ကြသေးသည်။ နားငြီးမခံနိုင်သည့် အဆုံးတွင် ‘၇၅ မင်းဆွေမှ ၈၈ မင်းကိုနိုင်သို့’ ဆောင်းပါးကို ထရေးခဲ့ရသည်။

၂၅-၂-၂၀၀၇ရက်နေ့တွင် R.F.A က ကုန်စျေးနှုန်းကျဆင်းရေး ဆန္ဒပြပွဲအကြောင်းကို တနင်္ဂနွေနေ့ R.F.A စကားဝိုင်းအဖြစ် တခမ်းတနားတင်ဆက်သွားပြန်သည်။ ထို R.F.A စကားဝိုင်းတွင် သူ့ကိုယ်သူ အမျိုးသားရေး ပုဂ္ဂိုလ်ဆိုသူက သတင်းသမား မင်းမြှောင်ကပ်ပါးတို့၏ မမှန်မကန်ရေးသားပြောဆိုမှုတို့ကြောင့် နိုင်ငံကိုအုပ်ချုပ်သည့် ဘုရင်ကြီးသည် မိမိအင်္ကျီအဝတ်အစား မဝတ်ထားသည်ကို ဝတ်ထားသည်ဟု အထင်အမြင်ရောက်သွားပြီး ကိုယ်လုံးတီးဖြင့် တိုင်းပြည်တွင်း လှည့်လည်ခဲ့သည်ဟု ပြောဆိုသွားသည်ဟု ကြားလိုက်ရပါသည်။ ဤသို့ အမျိုးသားရေးပုဂ္ဂိုလ်ဆိုသူ၏ စောင်းချိတ်ပြောဆိုခြင်းသည် နိုင်ငံနှင့်လူမျိုးကို စော်ကားလိုက်သည့်၊ အဆင့်အတန်းမရှိသည့် လုပ်ရပ်ဖြစ်ပါသည်။

လွတ်လပ်ရေးနှင့်အတူ ပေါ်ပေါက်ခဲ့သော စစ်ဘေးစစ်ဒဏ်ကြောင့်လည်းကောင်း၊ မဆလအစိုးရ၏ လွဲမှားသော စီးပွားရေးမူဝါဒများကြောင့်လည်းကောင်း၊ ရှစ်လေးလုံးအရေးအခင်း၏ ဒဏ်ရာဒဏ်ချက်များကြောင့်လည်းကောင်း ဖွတ်ဖွတ်ကြေခဲ့ရသော နိုင်ငံတော်ကို တပ်မတော်အစိုးရနှင့် ပြည်သူတို့လက်တွဲကာ ခက်ခက်ခဲခဲ ပင်ပင်ပန်းပန်း ပြန်လည်ထူထောင်ခဲ့ကြရသည်။ ထိုကာလများတွင် နိုင်ငံ့အကြီးအကဲတစ်ဦးသည် ကျွန်တော်၏ ငါးမွေးမြူရေးကန်ရှိရာ ညောင်တုန်းနယ်ဘက်သို့ ကြိုတင်စီစဉ်ထားမှုမရှိဘဲ ရုတ်တရက်ရောက်ရှိလာပြီး အခြေအနေမှန် အရပ်ရပ်ကို စုံစမ်းခဲ့ဖူးပါသည်။ (တိုင်းမှူးများသည်လည်း မိမိကွပ်ကဲတာဝန်ယူရသော နယ်မြေများအတွင်းတွင် လှည့်လည်ပြီး အခြေခံလူတန်းစားများနှင့်တွေ့ဆုံကာ အခြေအနေမှန် အရပ်ရပ်ကို သိရှိအောင်စုံစမ်းပြီးမှ ဆောင်ရွက်ကြပါသည်။) အစိုးရအဖွဲ့ဝင် ဝန်ကြီးနှစ်ဦးသည် ရခိုင်ပြည်နယ် ဘင်္ဂလားပင်လယ်အတွင်းရှိ ကျွန်းငယ်တစ်ကျွန်းပေါ်သို့ လှိုင်းလေပြင်းထန်သော ဇူလိုင်လတွင် ပဲ့ထောင်လှေငယ်တစ်စင်းဖြင့် ခက်ခက်ခဲခဲ ရောက်လာပြီး ကျွန်တော်တို့နှင့် လုပ်ငန်းကိစ္စများ ဆွေးနွေးခဲ့ကြပါသည်။ ဆိုလိုသည်မှာ နိုင်ငံတော် တာဝန်ရှိသူများ အောက်ခြေအထိ အခါမလပ် ကွင်းဆင်းကာ လိုအပ်ချက်မှန်သမျှကို လှည့်လည်ကြည့်ရှု လေ့လာသုံးသပ်ပြီး ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိစေလို၍ ဖြစ်ပါသည်။

**နိုင်ငံတော်အစိုးရသည် ယနေ့နိုင်ငံတော်တွင် ဖြစ်ပေါ်နေသော အခြေအနေမှန် အရပ်ရပ်ကို သိရှိပါသည်။ အနောက်နိုင်ငံများနှင့် ငွေကြေးအဖွဲ့အစည်းတို့က အမျိုးမျိုးပိတ်ဆို့တားဆီးသည့်ကြားမှ နိုင်ငံနှင့်လူမျိုးအကျိုးအတွက် ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ကျားကုတ်ကျားခဲလုပ်ကိုင်ပေးနေကြပါသည်။** ကျွန်တော် ဤသို့ ထုတ်ဖော်ရေးသားလိုက်ခြင်းကြောင့် အမျိုးသားရေး ပုဂ္ဂိုလ်ဆိုသူက ကျွန်တော့်ကို မင်းမြှောင်ကပ်ပါးဟု မဆိုလိုက်ပါနှင့်ဦး။ ကျွန်တော်သည် နိုင်ငံတော်အစိုးရနှင့် နီးစပ်သည်မှန်သော်လည်း နိုင်ငံတော်အစိုးရထံမှ မည်သည့် အခွင့်အရေးမျှ မယူခဲ့၊ မတောင်းခဲ့ပါ။ ကားပါမစ်တောင်းဖို့နေနေသာသာ ဖုန်းတစ်လုံးပင် မတောင်းခဲ့ပါ။ ယနေ့အထိ ကျွန်တော့်အမည်ပေါက် ဖုန်းတစ်လုံးမရှိခဲ့ပါ။ ကျွန်တော်သည် နိုင်ငံသားတိုင်း ရရှိသင့်သော နိုင်ငံသားအခွင့်အရေးနှင့် လူသားတိုင်းရရှိသင့်သော လူ့အခွင့်အရေးကိုသာ တန်ဖိုးထားပါသည်။ ကျွန်တော်ကဲ့သို့သော မြန်မာနိုင်ငံသား အမြောက်အမြား မြန်မာနိုင်ငံတွင် ရှိကြပါသည်။ ထို့ကြောင့် အမျိုးသားရေးပုဂ္ဂိုလ်ဆိုသူအနေဖြင့် မိမိ၏ R.F.A မှနေ၍ နိုင်ငံနှင့်လူမျိုးကို စော်ကားလိုက်သော စကားရပ်တို့ကို လူကြီးလူကောင်းပီသစွာ လူသိရှင်ကြား ပြန်လည်ရုပ်သိမ်းပေးပါရန် တောင်းဆိုပါသည်။

ကုန်စျေးနှုန်းကျဆင်းရေး၊ လျှပ်စစ်မီးမှန်ရေးတို့အတွက် လူ ၃၀ လောက် ဆန္ဒပြခဲ့ကြသည်။ ဤသို့ ဆန္ဒပြရုံဖြင့် ကုန်စျေးနှုန်းကျဆင်းသွားမည်မဟုတ်ပါ။ လျှပ်စစ်မီးလည်း မှန်လာမည်မဟုတ်ပါ။ နိုင်ငံတော်တွင် ဆူပူအုံကြွမှုများ ကျယ်ပြန့်စွာ ဖြစ်ပေါ်လာလျှင် ကုန်ထုတ်ကုန်သွယ်ပို့ဆောင်ရေးလုပ်ငန်းတို့ကို ထိခိုက်၍ ကုန်စျေးနှုန်းများ ပို၍တက်သွားပါလိမ့်မည်။ အခြေခံလူတန်းစားများ အငတ်ဘေးကြီးဆိုက်သည်အထိ ဖြစ်သွားနိုင်ပါသည်။ ထိုသို့ဖြစ်သောအခါ မျက်ဖြူဆိုက်လေ ဆရာကြိုက်လေဆိုသည့် နိုင်ငံရေးသမားတို့က နှစ်ထောင်းအားရ ဖြစ်ကြပေလိမ့်မည်။

**ယနေ့အချိန်အခါသည် ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ပေါ်ပေါက်လာပြီး ဒီမိုကရေစီ နိုင်ငံတော်သစ်ကြီး ဖြစ်ထွန်းလာရန် ကြိုးစားအားထုတ်နေချိန်ဖြစ်သည်။ ထိုသို့ ဖြစ်ပေါ်လာရန် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးသည် အလွန်အရေးကြီးပါသည်။ မိဘများသည် ရှင်သာမဏေဝတ်မည့် သားငယ်ကို အန္တရာယ်မကျ ရောက်အောင် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရသည်။ ထို့အတူ ကျွန်တော်တို့ နိုင်ငံသားတိုင်းသည် နိုင်ငံတော်ကို ရှင်သာမဏေဝတ်မည့် သားငယ်ကဲ့သို့ အန္တရာယ်တစ်စုံတစ်ရာ မကျရောက်စေရန် ဝိုင်းဝန်းကာကွယ် စောင့်ရှောက်ကြရမည့် အချိန်လည်းဖြစ်ပါသည်။**

မြန်မာနိုင်ငံသားတို့သည် ကုန်စျေးနှုန်းများ ကျဆင်းစေချင်ကြသည်။ လူတစ်ဦးချင်းဝင်ငွေ (GDP) လည်း တိုးတက်စေချင်ကြသည်။ ထိုအထဲတွင် ကျွန်တော်လည်းပါဝင်ပါသည်။ ကုန်စျေးနှုန်းကျဆင်းစေရန်နှင့် (GDP) တိုးတက်စေရန်အတွက် ကုန်ထုတ်လုပ်မှုများ တိုးတက်ထုတ်လုပ်ရမည် ဖြစ်ပါသည်။ မြန်မာနိုင်ငံသားတို့သည် ဆန်ကိုအဓိက အားထားစားသုံးကြသည်။ မြန်မာနိုင်ငံသားတစ်ဦး၏ ဆန်စားသုံးမှုသည် တရုတ်၊ ထိုင်း၊ မလေးရှားနိုင်ငံသားများထက် သုံးဆခန့်ပိုပါသည်။ မြန်မာနိုင်ငံသား သန်း ၅၀ ကျော်၏ ဆန်စားသုံးမှုသည် အခြားနိုင်ငံသား သန်း ၁၅၀ စားသုံးမှုနှင့် ညီမျှပါသည်။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံသည် ဆန်စပါး တိုးတက်ထွက်ရှိရေးကို ပထမဦးစားပေးအဖြစ် လုပ်ကိုင်ကြရပါမည်။ တစ်ဧကအထွက်နှုန်းတိုးရန် ကြိုးစားကြရပါမည်။ မြေလွတ်၊ မြေရိုင်း၊ ပလပ်မြေများတွင် စပါးကို တိုးချဲ့စိုက်ပျိုးကြရပါမည်။

**နိုင်ငံတော်အစိုးရက ဆန်စပါး ကောက်ပဲသီးနှံများ တိုးမြှင့်ထွက်ရှိရေးအတွက် ဦးစားပေး အလေးထား လုပ်ဆောင်ပေးနေပါသည်။ အသားတင် စိုက်ပျိုးမြေဧက ၂၉ သန်းကျော်အထိ ရရှိအောင် တိုးချဲ့ဖော်ထုတ်ပေးထားကြောင်း သိရပါသည်။ တစ်နှစ်ပတ်လုံး စိုက်ပျိုးရေရရှိရေးအတွက်လည်း ဆည်တမံပေါင်း ၂၀၀ နီးပါးကို ထပ်မံတည်ဆောက်ပေးထားပါသည်။ မြစ်ရေတင်စီမံကိန်း ၃၀၀ နီးပါး တည်ဆောက်ပေးထားပါသည်။ ဓာတ်မြေဩဇာနှင့် လယ်ယာသုံးစက်ကိရိယာ တိုးမြှင့်ဖြန့်ဖြူးပေးနေပါသည်။**

နိုင်ငံအတွင်းရှိ စပါးစိုက်ပျိုးနိုင်သော မြေလွတ် မြေရိုင်း၊ ပလပ်မြေများကို အမှန်တကယ် စိုက်ပျိုးလုပ်ကိုင်သူတို့အား မြေယာလုပ်ပိုင်ခွင့် ချထားပေးခြင်း၊ ထိုမြေယာများကို ဖော်ထုတ်နိုင်ရန် ငွေကြေးအကူအညီပေးခြင်း၊ စပါးစိုက်လယ်သမားများအား နည်းပညာပံ့ပိုးပေးခြင်း၊ ဓာတ်မြေဩဇာ အလုံအလောက် ရရှိအောင် စီမံဆောင်ရွက်ပေးခြင်းများကို နိုင်ငံတော်နှင့်အတူ ပုဂ္ဂလိကလုပ်ငန်းရှင်များကပါ ပိုမိုတိုးမြှင့် ပြုလုပ်ပေးနိုင်လျှင် စပါးအမြောက်အမြား ပိုမိုထွက်ရှိလာပြီး အဓိကစားကုန် ဆန်စျေးနှုန်းများ တည်ငြိမ်ကျဆင်းလာပါမည်။

**လျှပ်စစ်အလုံအလောက် ရရှိနိုင်ရေးအတွက် နိုင်ငံတော်က ရေအားလျှပ်စစ်စီမံကိန်းများစွာကို အကောင်အထည်ဖော်နေပါသည်။ နိုင်ငံတော်အကြီးအကဲကိုယ်တိုင် ထိုရေအားလျှပ်စစ်စီမံကိန်းများသို့ သွားရောက်ကြည့်ရှုစစ်ဆေး စီမံဆောင်ရွက်ဖြည့်ဆည်းပေးနေသည်ကိုလည်း အားတက်ဖွယ်ရာတွေ့ရှိရပါသည်။ သို့သော် အချို့ထုထည်ပမာဏ ကြီးမားသော ရေအားလျှပ်စစ်စီမံကိန်းများ အကောင်အထည်ဖော် ပြီးမြောက်ရန် သုံး၊ လေးနှစ် ကြာပါဦးမည်။**

လျှပ်စစ်မလုံလောက်သော ယခုလိုအချိန်တွင် လျှပ်စစ်ကို ခြိုးခြံချွေတာသုံးစွဲကြရပါမည်။ လေအေးပေးစက်များအတွက် လျှပ်စစ်ဓာတ်အားအမြောက်အမြား သုံးစွဲရပါသည်။ အိမ်သုံး လေအေးပေးစက် တစ်လုံးသည် လျှပ်စစ်ဓာတ်အား ဝပ် ၁၁၀၀ မှ ဝပ် ၂၀၀၀ အထိ သုံးစွဲရပါသည်။ အိမ်သုံး လေအေးပေးစက်တစ်လုံး သုံးစွဲခြင်းသည် ဝပ် ၄၀ အားလေးပေမီးချောင်း အချောင်းလေး ငါးဆယ် သုံးစွဲမှုနှင့် ညီမျှပါသည်။ ထို့ကြောင့် လူနေအိမ်များနှင့် ရုံးခန်းများတွင် လေအေးပေးစက်သုံးစွဲမှုကို ပိတ်ပင်တားဆီးလိုက်ပါက ရပ်ကွက်အိမ်ရာများ မီးပိုလင်းလာမည် ဖြစ်ပါသည်။ ကျွန်တော် ကိုယ်တိုင်လည်း လေအေးပေးစက်ကို ကြိုက်နှစ်သက်ပြီး သုံးစွဲနေသူ ဖြစ်ပါသည်။ သို့သော် လူနေအိမ်များ မီးလင်းပြီး ကျောင်းသား၊ ကျောင်းသူများ စာဖတ်နိုင်ရေးက ပို၍ အရေးကြီးပါသည်။ ထို့ကြောင့် လူနေအိမ်များ၊ ရုံးခန်းများတွင် တပ်ဆင်ထားသော လေအေးပေးစက်များကို ဖြုတ်သိမ်းသင့်ပါသည်။ သုံးစွဲပါက ထိရောက်ဟန့်တားလောက်သော ဒဏ်ငွေများ ချသင့်ပါသည်။ ဤသို့ လုပ်ဆောင်လိုက်ပါလျှင် လူနေအိမ်ရာ ရပ်ကွက်များ ယခုထက်ပို၍ မီးမှန်လာပါမည်။

**ကုန်စျေးနှုန်းကျဆင်းရေး၊ ကုန်ထုတ်လုပ်မှု တိုးတက်ရေးအတွက် ကျွန်တော်တို့ ပြည်သူလူထုအပိုင်းကလည်း ဥစ္စာရင်လို ဥစ္စာရင်ခဲ လုပ်ကိုင်ကြရပါမည်။ မြေလွတ် မြေရိုင်းများတွင် စပါး၊ ဆီထွက်သီးနှံ၊ ပဲအမျိုးမျိုးနှင့် ငရုတ်၊ ကြက်သွန်တို့ကို တိုးချဲ့စိုက်ပျိုးကြရပါမည်။ စိုက်ပျိုးရေး မလုပ်နိုင်သောမြေများတွင် ငါးမွေးမြူရေးလုပ်ငန်းနှင့် အခြေခံစားကုန် ဆားထုတ်လုပ်ငန်းတို့ကို လုပ်ကိုင်ကြရပါမည်။** ယနေ့မြန်မာနိုင်ငံသားအချို့တို့သည် အလုပ်အကိုင် မည်မည်ရရမလုပ်ဘဲ လက်ဖက်ရည်ဆိုင်ထိုင်ပြီး နှစ်လုံး၊ သုံးလုံးတွက်ချက်ခြင်း၊ အထာပေး ပုဂ္ဂိုလ်များထံ သွားရောက်ခြင်း စသည့်နှစ်လုံး၊ သုံးလုံးကိစ္စကို တစ်နေကုန်တစ်နေခန်း လုပ်နေကြပါသည်။ အချို့မြန်မာနိုင်ငံသားတို့ကတော့ အခွင့်အရေးအမျိုးမျိုးရရန်ကိုပဲ စိတ်ထဲရှိပြီး ဘယ်ပုဂ္ဂိုလ်ထံ ချဉ်းကပ်လျှင် အခွင့်အရေးရမည်၊ ဘယ်အဖွဲ့အစည်းထဲဝင်လျှင် အခွင့်အရေးရမည် ဆိုသည့် အချောင်သမားများ ဖြစ်နေကြပါသည်။ မြန်မာနိုင်ငံသားတို့သည် လောင်းကစားသမားများ၊ အချောင်သမားများဖြစ်နေသရွေ့ ကုန်ထုတ်လုပ်ငန်းများ တိုးတက်လာမည် မဟုတ်ပါ။ ထို့ကြောင့် ကုန်စျေးနှုန်းများလည်း ကျဆင်းလာမည် မဟုတ်ပါ။

သထုံနယ်ရှိ ကျွန်တော်၏ ငါးမွေးမြူရေးကန်ဘေးတွင် စပါးလယ်နှစ်ခင်းရှိသည်။ ထိုလယ်နှစ်ခင်းသည် မြေအနိမ့်အမြင့် မြေအမျိုးအစား အတူတူဖြစ်သည်။ လယ်သမားတစ်ဦးက လယ်ကို ဂရုတစိုက်မလုပ်ဘဲ နှစ်လုံး၊ သုံးလုံးလောင်းကစားခြင်းကိုသာ စိတ်ဝင်စားပြီး နောက်လယ်သမားတစ်ဦးကတော့ နှစ်လုံး၊ သုံးလုံး လောင်းကစားခြင်းကို စိတ်မဝင်စားဘဲ လယ်ထဲသို့ နေ့စဉ် မှန်မှန်လာသည်။ လယ်ကန်သင်းများကို ရေလုံအောင် သေသေချာချာပြင်သည်။ သူတို့နှစ်ဦးထည့်သော စပါးမျိုးမှာလည်း အတူတူဖြစ်သည်။

စာမျက်နှာ ၇ ကော်လံ ၁ သို့

ကုန်စျေးနှုန်းကျဆင်းရေး၊ ကုန်ထုတ်လုပ်မှု တိုးတက်ရေး အတွက် ကျွန်တော်တို့ ပြည်သူလူထုအပိုင်းကလည်း ဥစ္စာရင်လို ဥစ္စာရင်ခဲ လုပ်ကိုင်ကြရပါမည်။ မြေလွတ် မြေရိုင်းများတွင် စပါး၊ ဆီထွက်သီးနှံ၊ ပဲအမျိုးမျိုးနှင့် ငရုတ်၊ ကြက်သွန်တို့ကို တိုးချဲ့စိုက်ပျိုးကြရပါမည်။ စိုက်ပျိုးရေး မလုပ်နိုင်သောမြေများတွင် ငါးမွေးမြူရေးလုပ်ငန်းနှင့် အခြေခံ စားကုန် ဆားထုတ်လုပ်ငန်းတို့ကို လုပ်ကိုင်ကြရပါမည်။

# တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်း တော်လတီစံပြကျေးရွာ ဖွင့်ပွဲတက်ရောက် ဒေသဖွံ့ဖြိုးရေးနှင့် စိုက်ပျိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၈

**ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်းသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ် တော်လတီစံပြကျေးရွာ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ တိုက်ကြီးမြို့နယ်နှင့် ထန်းတပင်မြို့နယ်တို့၌ ဆောင်ရွက်လျက်ရှိသည့် ဒေသဖွံ့ဖြိုးရေးနှင့် စိုက်ပျိုးရေးလုပ်ငန်းများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။**

ရှေးဦးစွာ တိုင်းမှူးသည် ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ် တာခွကျေးရွာအနီးရှိ အစေ့ထုတ်ပြောင်း ငါးဧက စိုက်ခင်းနှင့် စိုက်ခင်းအတွင်း စိုက်ပျိုးဖြစ်ထွန်းလျက်ရှိသည့် ကြက်သွန်၊ ရေဆင်းစပ်ပြောင်းမျိုး (၈)၊ အထွက်ကောင်းစပါးမျိုးများ ဖြစ်သော မော်ဘီ(၅)နှင့် ရေဆင်းလုံးသွယ်စပါး နမူနာများပြသထားမှုတို့ကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် စိုက်ခင်းအတွင်းရှိ ယာယီရှင်းလင်းဆောင်၌ တိုင်း ဆည်မြောင်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းအောင်က တိုက်ကြီးမြို့နယ်အတွင်းရှိ လယ်မြေများကို စိုက်ပျိုးရေပေးဝေနိုင်မှု အခြေအနေကို လည်းကောင်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြတ်ကျော်က နွေစပါးစိုက်ပျိုးပြီးစီးမှုနှင့် စိုက်ပျိုးရေ ရရှိမှုအခြေအနေကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တိုင်းမှူးက လျှပ်စစ်ရေတင်စီမံကိန်းများမှ သတ်မှတ်ဧကအတိုင်း စိုက်ပျိုးရေ ပေးဝေနိုင်အောင် ဆောင်ရွက်ပြီး စိုက်ဧက တိုးတက်ရေးနှင့် အထွက်နှုန်းတိုးရေး ကြိုးပမ်းဆောင်ရွက်ကြရန်၊ ပန်းတိုင်အထွက်နှုန်း ရရှိအောင် စိုက်ပျိုးကြရန် မှာကြားပြီး လယ်မြေအတွင်း မြေပြုပြင်နေမှုနှင့် အနိမ့်ရေတင်စက်ဖြင့်စိုက်ပျိုးရေပေးသွင်းနေမှုတို့ကို ကြည့်ရှုအားပေးသည်။

ထို့နောက် တိုင်းမှူးသည် တိုက်ကြီးမြို့နယ် ပိုးတီကုန်းကျေးရွာအနီးရှိ တောင်သူဦးသန်းထွန်းဦး၏ လယ်မြေ၌ သဘာဝမြေဩဇာနှင့် ပုလဲဓာတ်မြေဩဇာ ရောနှောစုပေါင်း ကြဲပက်နေမှုနှင့် သစ်ရွက်ဆွေး သဘာဝမြေဩဇာ ပြုလုပ်သုံးစွဲနည်း လက်တွေ့သရုပ်ပြသနေမှုတို့ကို ကြည့်ရှုအားပေးပြီး တောင်သူများအား သဘာဝမြေဩဇာကို ကျယ်ကျယ်ပြန့်ပြန့်သုံးစွဲ၍ အထွက်တိုးအောင် ဆောင်ရွက်ကြရေး မှာကြားသည်။

ဆက်လက်၍ တိုင်းမှူးသည် (၆၂) နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် တိုက်ကြီးမြို့နယ် တော်လတီစံပြကျေးရွာ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

ရှေးဦးစွာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး တိုင်းအုပ်ချုပ်ရေးမှူး ဦးလှစိုး၊ ရန်ကုန်တိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးကြီးမြင့်နှင့် ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး တိုင်းကျန်းမာရေးဦးစီးမှူး ဒေါက်တာလှမြင့်တို့က စံပြကျေးရွာ အဝင်မုခ်ဦးကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် တိုင်းမှူးက တော်လတီစံပြကျေးရွာ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက စံပြကျေးရွာဆိုင်းဘုတ်ကိုအမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြပြီး တိုက်ကြီးမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ မိသားစုဝင်ငွေတိုးရေး၊ လက်မှုလုပ်ငန်းများနှင့် ဒေသထွက်စပါးနှင့် သီးနှံများကိုလည်းကောင်း၊ စံပြကျေးရွာ ဝိဇယကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ကို လည်းကောင်း ကြည့်ရှုအားပေးကြသည်။






ယင်းနောက် တိုင်းမှူးက စာကြည့်တိုက်အတွက် တိုင်း၊ ခရိုင်နှင့် မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနများမှ လှူဒါန်းသည့် သုတ၊ ရသစာအုပ် မျိုးစုံ အုပ်ရေ ၄၀၀နှင့် ရေဒီယိုတစ်လုံးတို့ကို စာကြည့်တိုက်မှူးထံ ပေးအပ်လှူဒါန်းသည်။

ထို့နောက် တိုက်ကြီးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက စာကြည့်တိုက်အတွက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက လှူဒါန်းသည့် ငွေကျပ်တစ်သိန်းနှင့် ကျေးရွာပြည်သူများစုပေါင်းလှူဒါန်းငွေကျပ်သုံးသောင်းကို စာကြည့်တိုက်မှူးထံ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ အခမ်းအနား ဖွင့်ပွဲကို မင်္ဂလာမဏ္ဍပ်၌ ကျင်းပရာ ရှေးဦးစွာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက စံပြကျေးရွာ ဖွင့်လှစ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ခဲ့မှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းမှူးက စံပြကျေးရွာဖွင့်လှစ်နိုင်ခြင်းအတွက် ဂုဏ်ပြုအမှာစကားပြောကြားသည်။ထို့နောက် တိုင်းမှူးက တော်လတီ စံပြကျေးရွာ ဖွံ့ဖြိုးရေးအတွက် ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့မှ လှူဒါန်းသည့် ငွေကျပ် နှစ်သိန်းကို တော်လတီစံပြကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးလှမျိုးထံ ပေးအပ်လှူဒါန်းပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် တိုင်းမှူးသည်စံပြကျေးရွာ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ မူလတန်းကြိုကျောင်း၌ ရင်သွေးငယ်လေးများ၏ ကဗျာရွတ်ဆိုပြသမှုကို ကြည့်ရှုအားပေးပြီး ရင်သွေးငယ်များအား ကစားစရာများနှင့် အသုံးအဆောင်ပစ္စည်းများ ပေးအပ်သည်။

ထိုမှတစ်ဆင့် တိုင်းမှူးသည် တော်လတီတိုက်နယ်ဆေးရုံ၌ ကျင်းပသည့်ဆေးပဒေသာပင်အလှူငွေပေးအပ်ပွဲသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

ယင်းနောက် တိုင်းမှူးက တိုက်နယ်ဆေးရုံ ဆေးပဒေသာပင်အတွက် တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက လှူဒါန်းသည့် ငွေကျပ် ၁၀သိန်းကို တိုက်ကြီးမြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ ဒေါ်အေးအေးမူထံ ပေးအပ်လှူဒါန်းသည်။

ထို့နောက် ဒဂုံအင်တာနေရှင်နယ်ကုမ္ပဏီလီမိတက်မှ ငွေကျပ်ငါးသိန်း၊ ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့မှ ငွေကျပ် နှစ်သိန်း အပါအဝင် စေတနာရှင် အလှူရှင်များက ဆေးပဒေသာပင် အလှူငွေကျပ် ၂၃သိန်းကို ပေးအပ်လှူဒါန်းကြရာ မြို့နယ် ကျန်းမာရေး ဦးစီးဌာနမှူးက လက်ခံသည်။

ယင်းနောက် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌက တိုက်နယ်ဆေးရုံရှိ လူနာတင်ယာဉ်နှင့် ပတ်သက်သည့် ပြုပြင်ပြီးစီးမှု စာရွက်စာတမ်းများနှင့် ပြင်ဆင်စရိတ်ငွေကျပ်ငါးသိန်းတို့ကို တိုင်းကျန်းမာရေး ဦးစီးမှူးထံ ပေးအပ်သည်။

ထို့နောက် မြို့နယ်ကျန်းမာရေး ဦးစီးမှူးက ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဆေးရုံအတွင်းရှိ လူနာဆောင်များနှင့် ဆေးသိုလှောင်ခန်းတို့ကို လိုက်လံကြည့်ရှုစစ်ဆေးကြပြီး လူနာများအား ထောက်ပံ့ငွေများ ပေးအပ်ကြသည်။

ယင်းနောက် တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် တော်လတီစံပြကျေးရွာ တော်လတီကျောင်းကြီး ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဣန္ဒကအား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ် လှူဒါန်းကြသည်။

ထို့နောက် တိုင်းမှူးသည် ထန်းတပင်မြို့နယ် ဘောလည်ကျွန်းရှိ ဒဂုန်စိုက်ပျိုးမွေးမြူရေးအဖွဲ့၏ ငါးမွေးမြူရေးကန်တူးဖော်နေမှု၊ ပန်သပွတ်ကျေးရွာအနီးရှိ တောင်သူဦးသောင်း၏ မတ်ပဲငါးဧက စိုက်ခင်း၊ ဘောလည်တိုက်နယ်ဆေးရုံ တည်ဆောက်မည့် မြေနေရာတို့ကို ကြည့်ရှုစစ်ဆေးကြပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။

ယင်းနောက် တိုင်းမှူးသည် ဒဂုန်စိုက်ပျိုးမွေးမြူရေးအဖွဲ့၏ ရေနက်ကွင်း စိုက်ပျိုးရေးနှင့် မွေးမြူရေးစီမံကိန်း ရှင်းလင်းဆောင်သို့ ရောက်ရှိလာရာ ဒဂုန်စိုက်ပျိုးမွေးမြူရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဝင်းအောင်နှင့် တာဝန်ရှိသူများက ထန်းတပင်မြို့နယ် ဘောလည်ကျွန်းနှင့် တိုက်ကြီးမြို့နယ် အိုင်ကလောင်ကျွန်းတို့၌ စိုက်ပျိုးမြေ ၄၉၈၁ဧက၊ ငါးမွေးကန်ဧက ၁၉၂၀ ဖော်ထုတ်ပြီးစီးမှု၊ ရေသွင်းရေထုတ် မြောင်းမကြီးများ ဆောက်ရွက်ပြီးစီးမှု၊ စိုက်ပျိုးရေးနှင့် ငါးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေတို့ကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တိုင်းမှူးက စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းဆိုင်ရာ လိုအပ်ချက်များကို ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး စီမံကိန်းရှင်းလင်းဆောင်အနီးရှိ ရေသောက်ဧရိယာ ဧက ၅၀၀ကို စိုက်ပျိုးရေပေးဝေလျက်ရှိသည့် လျှပ်စစ်မြစ်ရေတင်လုပ်ငန်းနှင့်သစ်ရွက်ဆွေး သဘာဝမြေဩဇာ ပြုလုပ်ပြသထားမှုတို့ကို ကြည့်ရှုစစ်ဆေးကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## စက်ခလုတ်နှိပ် ဖွင့်လှစ်

**ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်း တိုက်ကြီးမြို့နယ် တော်လတီစံပြကျေးရွာ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။**

(သတင်းစဉ်)

**စာမျက်နှာ ၆ ဆောင်းပါးမှအဆက်**

နှစ်ဦးစလုံး ဓာတ်မြေဩဇာကို မသုံးစွဲနိုင်ကြ။ စပါး ရိတ်သိမ်းသောအခါ နှစ်လုံး၊ သုံးလုံးလောင်းကစားလုပ်သော လယ်သမားက တစ်ဧကစပါး ၂၅ တင်းသာရပြီး လယ်ကို ကြိုးစားအားထုတ် လုပ်ကိုင်သော လယ်သမားက ၃၅ တင်းရပါသည်။

ထိုကဲ့သို့ လယ်သမားများအပိုင်းတွင်သာမက လယ်ယာလုပ်ငန်းဆိုင်ရာ အချို့ဝန်ထမ်းများအပိုင်းတွင်လည်း ကွင်းဆင်းပညာပေးကွပ်ကဲမှု အားနည်းခြင်း၊ စာရင်းအင်းပိုင်းဆိုင်ရာ တင်ပြမှုအားနည်းခြင်းများ ရှိပါသည်။

ထို့ကြောင့် **နိုင်ငံတော်၏ စိုက်ပျိုးရေးကဏ္ဍ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုး တိုးတက်ရေး အဘက်ဘက်မှ အားပေးမြှင့်တင်ဖြည့်ဆည်းပေးနေမှုများ နှောင့်နှေးလစ်ဟာမှုမရှိအောင် ဒေသအာဏာပိုင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ တိုင်းရင်းသားပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် တောင်သူလယ်သမားများက မိမိတို့အပိုင်းအလိုက် ကိုယ်စီကိုယ်င တာဝန်ကျေပွန်စွာ ပါဝင်ပူးပေါင်းဆောင်ရွက်သင့်ကြပါသည်။ မြေလွတ်၊မြေရိုင်းများ တိုးချဲ့ဖော်ထုတ်ရေး၊ စိုက်ပျိုးရေ ပြည့်ဝစွာပျံ့နှံ့ရောက်ရှိရေး၊ လယ်ယာသုံးစက်ကိရိယာများ ပိုမိုအသုံးပြုနိုင်ရေး၊ မျိုးကောင်းမျိုးသန့် ရရှိရေးနှင့် ခေတ်မီစိုက်ပျိုးရေး နည်းစနစ်များအသုံးပြုရေး၊ ဓာတ်မြေဩဇာသွင်းအားစုများ ပိုမိုရရှိအသုံးပြုနိုင်ရေး စသည်များသည် ပူးပေါင်းဆောင်ရွက်မှုဖြင့် လုပ်ဆောင်မှ ပိုမိုအောင်မြင်ဖြစ်ထွန်းမည့် လုပ်ငန်းများဖြစ်ပါသည်။ မိမိအပိုင်းက အားနည်းချက်ကြောင့် လုပ်ငန်းစဉ်ကြီးတစ်ခုလုံး ထိခိုက်နစ်နာနိုင်ကြောင်း သတိပြုသင့်ကြပါသည်။**

နှစ်လုံး၊ သုံးလုံး လောင်းကစားခြင်းသည် နိုင်ငံတော်၏ ကုန်ထုတ်လုပ်ငန်းများနှင့် ကုန်ထုတ်လုပ်ငန်းကို အထောက်အကူပြုသော ဝန်ဆောင်မှုလုပ်ငန်းတို့ကို ထိခိုက်နစ်နာစေလျက်ရှိပါသည်။ ထို့ကြောင့် ကုန်ဈေးနှုန်း ကျဆင်းစေလိုသော၊ နိုင်ငံနှင့်လူမျိုးကို ဖွံ့ဖြိုးတိုးတက်စေလိုသော မြန်မာနိုင်ငံသားတို့သည် နှစ်လုံး၊ သုံးလုံး လောင်းကစားခြင်းကို လုံးဝ စွန့်လွှတ်ကြရပါမည်။ နှစ်လုံး၊ သုံးလုံးလောင်းကစားခြင်းကို အမျိုးသားရေး အမြင်ဖြင့် ဟန့်တားကြရပါမည်။ နိုင်ငံတော်အစိုးရကလည်း နှစ်လုံး၊ သုံးလုံး လောင်းကစားခြင်းကို ပညာပေးကာလတစ်ခု သတ်မှတ်ပြီး ထိရောက်ကျယ်ပြန့်စွာ ပညာပေးသင့်ပါသည်။ ပညာပေးကာလ လွန်မြောက်သောအခါ နှစ်လုံး၊ သုံးလုံး ဒိုင်ချုပ်ကြီးများ၊ လက်ခွဲဒိုင်များ၊ ရောင်းချသူများနှင့် ၎င်းတို့ထံမှ လာဘ်ငွေယူသူများကို ပြင်းထန်စွာ အပြစ်ပေးသင့်ပါသည်။

ကုန်ဈေးနှုန်းကျဆင်းရေးဆန္ဒပြပွဲကို နိုင်ငံခြားအသံလွှင့်ဌာနများနှင့် အတိုင်အဖောက်လုပ် ချိတ်ဆက်ပြီး ပုံကြီးချဲ့၍ ပြောဆိုနေကြသော NLDမှပုဂ္ဂိုလ်များ၊ ၈၈ မျိုးဆက်ကျောင်းသားအုပ်စုဝင်များနှင့် အမျိုးသားရေး မျက်နှာဖုံးစွပ်ကြီးများသည် မြန်မာနိုင်ငံသားများ နှစ်လုံး၊ သုံးလုံး လောင်းကစားခြင်းများ မပြုလုပ်ကြရန် စည်းရုံးပြောဆိုပေးကြပါ။ နိုင်ငံတော်တွင် ကုန်ဈေးနှုန်းကျဆင်းရေးကို အမှန်တကယ် ဖြစ်စေလိုလျှင် ထိုပုဂ္ဂိုလ်များကိုယ်တိုင် မြေလွတ် မြေရိုင်း၊ ပလပ်မြေများတွင် စပါးစိုက်လယ်မြေများ ဖော်ထုတ်စိုက်ပျိုးကြပါဟု အကြံပြုတိုက်တွန်းပါသည်။ NLD မှ ပုဂ္ဂိုလ်များ၊ ၈၈ မျိုးဆက်ကျောင်းသား အုပ်စုဝင်များနှင့် အမျိုးသားရေး မျက်နှာဖုံးစွပ်ကြီးများ လယ်ကွင်းများထဲသို့ ဆင်းကြမည်ဆိုလျှင် ကျွန်တော်တို့ပြည်သူများကလည်း အိုးစည်ဗုံမောင်းများဖြင့် စည်ကားသိုက်မြိုက်စွာ ဝမ်းပန်းတသာ ကခုန်အားပေး ဖျော်ဖြေကြပါမည်။



**တာမွေမြို့နယ် မလွကုန်းဈေးကြွယ် (က)ရပ်ကွက်တွင် မတ် ၇ရက်က သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးနှင့် အသိပညာပေးဆောင်ရွက်မှုများကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဝင် ဦးသူရိန်ကျော်၊ တိုင်းကျန်းမာရေးအဖွဲ့၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမိုးမောင်ဝင်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ် ကျန်းမာရေးအဖွဲ့တို့မှ တာဝန်ရှိသူများ ရပ်ကွက်အတွင်း ကွင်းဆင်းဆောင်ရွက်ကြစဉ်။** (က-ပ)

▲ ရှေ့ဖုံးမှ

အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် လှဋ္ဌေးဝင်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် ပတ္တမြားနဂါးကုမ္ပဏီများဥက္ကဋ္ဌ ဦးနေဝင်းထွန်းတို့က ဖဲကြိုးဖြတ်၍ Royal Ruby Jade Hotel ကို ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက စက်ခလုတ်နှိပ်၍ Royal Ruby Jade Hotel ဆိုင်းဘုတ်ကို ဖွင့်လှစ်ပေးပြီး ဆက်လက်၍ မော်ကွန်းကမ္ပည်းကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးသည်။

ဆက်လက်၍ တိုင်းမှူး၊ ဝန်ကြီးနှင့် ရန်ကုန်မြို့တော်ဝန်တို့က မော်ကွန်းကမ္ပည်းကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူး၊ဝန်ကြီး၊ ရန်ကုန်မြို့တော်ဝန်နှင့် တာဝန်ရှိသူများထံ ပတ္တမြားနဂါးကုမ္ပဏီများ ဥက္ကဋ္ဌ ဦးနေဝင်းထွန်းက ဖွင့်ပွဲအထိမ်းအမှတ်အလံများကို ပေးအပ်သည်။

ဆက်လက်၍ ရန်ကုန်မြို့တော်ဝန်က ပတ္တမြားနဂါးကုမ္ပဏီများဥက္ကဋ္ဌ ဦးနေဝင်းထွန်းအား Royal Ruby Jade Hotel လုပ်ကိုင်ခွင့် စာရွက်စာတမ်းများကို ပေးအပ်ပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**လက်မှတ်ရေးထိုး**

ထို့နောက် ဒုတိယ ဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များ၊ ဧည့်သည်များသည် ဟိုတယ်အတွင်း လှည့်လည်ကြည့်ရှုကြပြီး ဟိုတယ်ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးကြသည်။

အဆိုပါ Royal Ruby Jade Hotel ဖွင့်လှစ်သည့် အဆောက်အအုံကို ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက Ruby Dragon Companies သို့ ငှားရမ်းလုပ်ကိုင်ခွင့်ပြုခဲ့ခြင်းဖြစ်ပြီး ယင်းဟိုတယ်တွင် ရိုးရိုးအိပ်ခန်း ၆၀၊ အထူးအိပ်ခန်း ၁၀ ခန်း ပါရှိကာ လေးထပ် အဆောက်အအုံဖြစ်၍ အင်တာနက်နှင့် အီးမေးလ်တို့ တပ်ဆင်ထားကာ ပြင်ပရေကူးကန်၊ စည်းဝေးခန်းနှင့် ကျန်းမာရေးလေ့ကျင့်ခန်းတို့ ပါရှိကြောင်း သိရှိရသည်။

(သတင်းစဉ်)

## အင်တာနက် နည်းပညာသတင်း

# ရိုဘော့စက်ရုပ်များဆိုင်ရာစည်းမျဉ်းရေးဆွဲရန် တောင်ကိုရီးယားကျွမ်းကျင်သူများ စီစဉ်နေ

ဆိုးလ် မတ် ၈

**တောင်ကိုရီးယားနိုင်ငံ အာဏာပိုင်များနှင့် ပညာရှင်တစ်စုသည် ရိုဘော့စက်ရုပ်များနှင့်သက်ဆိုင်သော စောင့်ထိန်းရမည့် စည်းမျဉ်းကျင့်ဝတ်များကို ရေးဆွဲသတ်မှတ်နိုင်ရန် ကြိုးပမ်းလျက်ရှိသည်။**

ယင်းသည် လူသားနှင့် ရိုဘော့စက်ရုပ်တို့အကြား အပြန်အလှန်ထားရှိရမည့် လုပ်ဆောင်ဖွယ်ရာကျင့်ဝတ်စည်းမျဉ်းလည်း ဖြစ်ပေလိမ့်မည်။ ထိုရိုဘော့စက်ရုပ်ဆိုင်ရာ ချာတာကို စက်ရုပ်သုံးစွဲသူများနှင့် ထုတ်လုပ်သူများက လိုက်နာရန် လိုအပ်မည်ဖြစ်ပြီး ယင်းချာတာကို ၂၀၀၇ခုနှစ် နှောင်းပိုင်းကာလတွင် ထုတ်ပြန်နိုင်မည်ဟု ဆိုသည်။

ရိုဘော့စက်ရုပ်ဆိုင်ရာ ချာတာကို လူပုဂ္ဂိုလ်ငါးဦး ပါဝင်သော ကျွမ်းကျင်သူများအဖွဲ့က ရေးဆွဲကြမည် ဖြစ်သည်။

တောင်ကိုရီးယားနိုင်ငံသည် အဆင့်မြင့်နည်းပညာများကို အသုံးပြုနေသော ကမ္ဘာ့ထိပ်တန်းနိုင်ငံ တစ်နိုင်ငံဖြစ်သည်။ ဥရောပနိုင်ငံများ၌ အဆင့်မြင့် လက်ကိုင်ဖုန်းများ မသုံးနိုင်မီ၊ အချိန်မြန်နှုန်း လွန်စွာမြင့်မားသော အင်တာနက်များ လက်လှမ်းမမီမီ အချိန်ကပင် တောင်ကိုရီးယားနိုင်ငံသားများသည် ဖော်ပြပါကိရိယာများကို သုံးစွဲခွင့်ရနေကြသည်။

ရိုဘော့စက်ရုပ်ဆိုင်ရာ ချာတာသဘောမျိုး သက်ရောက်သည့် စက်ရုပ်ဆိုင်ရာ ကနဦးစည်းကမ်းများကို သိပ္ပံပညာရှင်လည်းဖြစ်၊ သိပ္ပံစာရေးဆရာလည်း ဖြစ်သူ အိုက်ဆက်အိုင်စီမော့စ်က ၁၉၄၂ ခုနှစ်ကတည်းက ၎င်းရေးသားသော ရန်းအရောင်း အမည်ရှိ (Run around) စာအုပ်တွင် ရေးသားဖော်ပြခဲ့သည်။

ထိုစာအုပ်၌ ပါဝင်သော စည်းမျဉ်းများတွင် ရိုဘော့စက်ရုပ်သည် လူသားကို အန္တရာယ်မပြုစေရ။ ရိုဘော့စက်ရုပ်သည် လူသားက ခိုင်းစေသောအမိန့်ကို လိုက်နာရမည်။ အထူးအားဖြင့် စက်ရုပ်က လူသားကို မထိခိုက်စေရဟူသော ပထမအချက်ကို မချိုးဖောက်သမျှ လူသား၏အမိန့်ကို လိုက်နာမည် စသည်ဖြင့် ဖော်ပြထားသည်။

တောင်ကိုရီးယား အာဏာပိုင်များသည် စက်ရုပ်များနှင့်သက်ဆိုင်သောနည်းပညာနှင့် စက်ရုပ်သုံးစွဲမှုသည် အနာဂတ်ကာလတွင် သိသာစွာ တိုးတက်လာမည်ဟု မျှော်မှန်းကာ အထက်ပါအစီအစဉ်များကို လုပ်ဆောင်နေခြင်းဖြစ်သည်။

လာမည့် ၂၀၀၈ ခုနှစ်အရောက်တွင် ပုံမှန်ခွဲစိတ်မှုများကို ရိုဘော့စက်ရုပ်များက လုပ်ဆောင်ဖွယ်ရာ အလားအလာများဖြစ်ပေါ်နေသည်။ ထို့ပြင်သာမက တောင်ကိုရီးယား မိသားစုအများအပြားတွင် စက်ရုပ်များကို လက်ခံသုံးစွဲလာကြဖွယ်ရာရှိသည်ဟု အာဏာပိုင်များက ခန့်မှန်းထားသည်။

*အင်တာနက်*



**လူသားများအတွက် အန္တရာယ်များလှသည့် အထပ်မြင့်အဆောက်အအုံမှ မှန်ပြတင်းများကို သန့်ရှင်းရေးပြုလုပ်နေသော စက်ရုပ်တစ်ရုပ်ကို တွေ့ရစဉ်။**

## (၆၂)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

၁။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရာတွင် ပြည်သူတို့နှင့်အတူ လက်တွဲကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်ရေး။

၂။ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရန် စစ်မှန်သောပြည်ထောင်စုစိတ်ဓာတ်ဖြင့် ကျရာတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ရေး။

၃။ နိုင်ငံတော်တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဟန့်တားနှောင့်ယှက်သော ပြည်တွင်း ပြည်ပအဖျက်သမားများ၏ အန္တရာယ်ကိုပြည်သူတို့နှင့်အတူ လက်တွဲချေမှုန်းရေး။

၄။ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော် တည်ဆောက်ရေး။

# (၄၄)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ စတင်ကျင်းပ ပြည်တွင်း၊ပြည်ပ ရတနာကုန်သည် ၂၀၂၉ ဦး ရောက်ရှိ

ရန်ကုန် မတ် ၈

**မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီက ကြီးမှူးကျင်းပသော ၂၀၀၇ ခုနှစ် (၄၄)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ ကျောက်မျက်ရတနာ ဈေးပြိုင်ခန်းမနှင့် မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာတို့၌ ယနေ့မှ စတင်၍ မတ် ၂၀ ရက်အထိ တင်ဒါစနစ်၊ ဈေးပြိုင်စနစ်တို့ဖြင့် ရောင်းချသွားမည်ဖြစ်သည်။**

တင်ဒါစနစ်ဖြင့်ရောင်းချမည့် ပုလဲအတွဲပေါင်း ၂၇၈ တွဲနှင့် ဈေးပြိုင်စနစ်ဖြင့်ရောင်းချမည့် ပုလဲအတွဲပေါင်း ၃၂တွဲ စုစုပေါင်းပုလဲအတွဲ ၃၁၀ တို့ကို ယနေ့မှစတင်၍ မတ် ၁၀ရက်အထိ ကျောက်မျက်ရတနာဈေးပြိုင်ခန်းမ၌ ရောင်းချသွားမည်ဖြစ်သည်။

တင်ဒါစနစ်၊ ဈေးပြိုင်စနစ်တို့ဖြင့် ရောင်းချမည့် ကျောက်မျက်အတွဲပေါင်း ၃၈၀ကို ယနေ့မှ စတင်၍ ကျောက်မျက်ရတနာကုန်သည်များအား ကြည့်ရှုလေ့လာခွင့်ပြုထားပြီး မတ် ၁၂ ရက်တွင် ကျောက်မျက်ရတနာဈေးပြိုင်ခန်းမ၌ ရောင်းချသွားမည်ဖြစ်သည်။

ကျောက်စိမ်းအတွဲပေါင်း ၅၈၅၈ တွဲကို ယနေ့မှစတင်၍ မတ် ၁၂ရက်အထိ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ၌ ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များအား ကြည့်ရှုလေ့လာခွင့်ပြုထားပြီး မတ် ၁၃ ရက်မှ မတ် ၂၀ ရက်အထိ တင်ဒါစနစ်၊ ဈေးပြိုင်စနစ်တို့ဖြင့် ရောင်းချသွားမည်ဖြစ်သည်။

အဆိုပါ (၄၄)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ ပြည်တွင်းရတနာကုန်သည် ၁၀၄၈ ဦးနှင့် ပြည်ပရတနာကုန်သည် ၉၈၁ ဦး စုစုပေါင်း ရတနာကုန်သည် ၂၀၂၉ ဦးတို့ ရောက်ရှိနေကြပြီးဖြစ်သည်။

(သတင်းစဉ်)

# အများပြည်သူသိရှိရန် အသိပေး နှိုးဆော်ချက်

၁။ နယ်စပ်များမှ တရားမဝင်တင်သွင်း၍ ဖမ်းဆီးရမိသော အောက်ဖော်ပြပါဆေးများမှာ မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားခြင်း(မရှိ)သော ဆေးဝါးများဖြစ်ပါကြောင်းနှင့် ဆေးဝါးများမှာ အရည်အသွေးအာမခံချက် မရှိပါကြောင်း အသိပေးအပ်ပါသည်-

| စဉ် | ဆေးအမည် | ထုတ်လုပ်သည့်ကုမ္ပဏီအမည် | နိုင်ငံ |
|---|---|---|---|
| ၁။ | M.O.M Tablet (Magnesium Hydroxide 300 mg) | American British Co.,Ltd | Thailand |
| ၂။ | Chronol Tablet (Disulfiram 500 mg) | ဖော်ပြထားခြင်းမရှိပါ | ဖော်ပြထားခြင်း မရှိပါ |
| ၃။ | Skina (Salicylic Acid, Menthol) | Osotspa Co.,Ltd, Bangkok | Bangkok |
| ၄။ | Dexamethasone Tablet (Dexamethasone 0.5 mg) | Newcharoen Pharmaceuticals L.P | Thailand |
| ၅။ | Sulfa P.D for Children (Sulfadiazine 86 mg, Sulfadimidine 86 mg, Sulfamerazine 86 mg, Potassium Citrate 33 mg, Sodium Bicarbonate 3.3 mg ) | Thai P.D. Chemicals | ဖော်ပြထားခြင်း မရှိပါ |

၂။ အများပြည်သူများသည် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးများကို ဝယ်ယူသုံးစွဲခြင်း မပြုကြရန်နှင့် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားသော ဆေးဝါးများကိုသာ စူးစမ်းဝယ်ယူသုံးစွဲပါရန် နှိုးဆော်အပ်ပါသည်။

၃။ ဆေးဝါးတင်သွင်းဖြန့်ဖြူးသည့်ကုမ္ပဏီ၊ ဆေးဝါးရောင်းချသည့်ဆေးဆိုင်များသည် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးများ၊ ဆေးဝါးအတု၊ စံမညီ ဆေးဝါးများ တင်သွင်းဖြန့်ဖြူးရောင်းချခြင်း လုံးဝမပြုလုပ်ရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းက တည်ဆဲဥပဒေအရ အရေးယူမည်ဖြစ်ကြောင်း သတိပေးအပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

✻ တိုင်းမှူးမှ

နွေစပါးစိုက်ပျိုးရန် မြေပြုပြင်နေမှုနှင့် နွေစပါး ပျိုးထောင်ထားရှိမှုတို့ကို လည်းကောင်း လှည့်လည်ကြည့်ရှု စစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

**ဖူးမြော်ကြည်ညို**

ထို့နောက် တိုင်းမှူးသည် ဒီပဲယင်းမြို့နယ် တောတန်းကျေးရွာရှိ မဟာဗောဓိတစ်ထောင် မြရိပ်ကျောင်းတိုက်သို့ သွားရောက်၍ မြရိပ်ကျောင်းဆရာတော် ဦးသောဘိတအား ဖူးမြော်ကြည်ညိုကာ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီးနောက် မဟာဗောဓိတစ်ထောင် မြရိပ်ကျောင်းဝင်းအတွင်း တည်ထားကိုးကွယ်ထားရှိသော ဖိနမာန်အောင် ဆင်းတုတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုသည်။

**ဆက်ကပ်လှူဒါန်း**

ထိုမှတစ်ဆင့် တိုင်းမှူးသည် အရာတော်မြို့နယ် ရွာကြပ်လေးကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းခွဲအတွင်းရှိ ရေလျှံတွင်းသို့လည်းကောင်း၊ ရွှေတွင်းကုန်းကျေးရွာ၌ ကိုးဆူကျောင်း ပြန်လည်ပြုပြင်နေမှုကိုလည်းကောင်း လှည့်လည်ကြည့်ရှု စစ်ဆေးပြီး ဗောဓိတစ်ထောင်ဆရာတော်ကြီး တရားအားထုတ်ခဲ့သော နေရာနှင့် ကိုးဆူဘုရားတို့ကို သွားရောက်ကြည်ညိုဖူးမြော်၍ ကိုးဆူကျောင်းဆရာတော် ဦးဝိစက္ခဏအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် တိုင်းမှူးသည် အရာတော်မြို့နယ် အုပ်ရှစ်ကြီးနှင့် စက်ရွာကြားရှိ ရေလျှံတွင်း အမှတ်(၆)၊ ထိန်လုကျေးရွာရှိ ရေလျှံတွင်း အမှတ်(၅)နှင့် ရဲချင်းကျေးရွာရှိ ရေလျှံတွင်း အမှတ် (၄)ကို လှည့်လည်ကြည့်ရှု စစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။ ထိုမှတစ်ဆင့် တိုင်းမှူးသည် အရာတော်မြို့နယ် မကျီးစောက်ကျေးရွာရှိ ရေအရင်းအမြစ် အသုံးချရေးဦးစီးဌာန အရာတော်(၂)၏ မကျီးစောက် မြစ်ရေတင်စီမံကိန်းသို့ ရောက်ရှိရာ စီမံကိန်းတာဝန်ခံ ဒုတိယညွှန်ကြားရေးမှူး ဦးနီနီနှင့် တာဝန်ရှိသူများက စီမံကိန်းလုပ်ငန်းဆောင်ရွက်မှု အခြေအနေ၊ နွေစပါးနှင့် ဆောင်းသီးနှံ စိုက်ပျိုးဆောင်ရွက်မှုနှင့် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို အသီးသီး ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တိုင်းမှူးက တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားညှိနှိုင်း ဆောင်ရွက်ပေးပြီး စီမံကိန်းအတွင်း ခြံစည်းရိုးကြက်ဆူပျိုးခင်းနှင့် မြစ်ရေတင်စီမံကိန်းလုပ်ငန်းဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

**ညှိနှိုင်းဆောင်ရွက်**

ဆက်လက်၍ တိုင်းမှူးသည် အရာတော်မြို့ ရေလျှံတွင်းနှင့် ရေလှောင်ကန်တည်ဆောက်နေမှု၊ ရေလျှံတွင်း အမှတ် (၁)နှင့် အရာတော်မြို့နယ် ဌာနပေါင်းစုံ ခြံစည်းရိုးကြက်ဆူပျိုးဥယျာဉ်နှင့် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန ယာယီပျိုးဥယျာဉ်တို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးကာ တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များ မှာကြားညှိနှိုင်း ဆောင်ရွက်ပေးကြခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# တိုင်းမှူး ဗိုလ်မှူးချုပ်သက်နိုင်ဝင်းနှင့် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့် မွန်ပြည်နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ကျေးရွာချင်းဆက် တံတားတည်ဆောက်မှု ကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၈

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်သည် ဖေဖော်ဝါရီ ၃ ရက် နံနက်ပိုင်းတွင် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် မော်လမြိုင်တက္ကသိုလ်၌ ကျင်းပသည့် မွန်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးဖွင့်လှစ်သည့် အခြေခံကြံ့ခိုင်ရေးသင်တန်း အမှတ်စဉ်(၁) သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။**

ထို့နောက် အလှူရှင်အသီးသီးက သင်တန်းအတွက် အလှူငွေများ ပေးအပ်ရာ ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးက လက်ခံပြီး သင်တန်းအတွက် အလှူငွေများ ပြန်လည်ပေးအပ်သည်။

အဆိုပါ အခမ်းအနားသို့ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေး အသင်းအဖွဲ့များ၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ သင်တန်းသား၊ သင်တန်းသူ ၁၅၀ တက်ရောက်ကြသည်။

ဆက်လက်၍ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သက်နိုင်ဝင်းနှင့် သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်တို့သည် မော်လမြိုင်စက်မှုဇုန်သို့ ရောက်ရှိပြီး စက်မှုလုပ်ငန်းရှင်များနှင့် တွေ့ဆုံ၍ လုပ်ငန်းရှင်များ၏ တင်ပြချက်များအပေါ် တိုင်းမှူးနှင့် ဝန်ကြီးတို့က လိုအပ်ချက်များ ဖြည့်ဆည်းပေးပြီး မော်လမြိုင်စက်မှုဇုန်အတွင်းရှိ ရွှေဟသာ် မော်တော်ယာဉ်အလုပ်ရုံမှ မော်တော်ကားများ ထုတ်လုပ်နေမှု အခြေအနေ၊ ဦးခိုင်စိုး၏ ရော်ဘာကြိတ်စက် ထုတ်လုပ်နေမှု၊ ဦးကံကောင်း၏ ကြေး၊ သံ၊ သတ္တုအရည်ကျိုလုပ်ငန်း၊ စိန်ကြယ် မော်တော်ယာဉ်ထုတ်လုပ်ရေးအလုပ်ရုံ GOLDEN LION ရော်ဘာကြိတ်စက် ထုတ်လုပ်နေမှုနှင့်၊ သီဟမာန် သုံးဘီးဆိုင်ကယ် ထုတ်လုပ်နေမှုတို့အား ကြည့်ရှုအားပေးကာ လုပ်ငန်းရှင်များအနေဖြင့် သွင်းကုန် အစားထိုးထုတ်လုပ်ရန်နှင့် ဈေးကွက်သို့ တွင်တွင်ကျယ်ကျယ် ထုတ်လုပ်ဖြန့်ဖြူးပြီး ပြည်သူလူထုအတွက် ဈေးနှုန်းသင့်တင့်စွာဖြင့် ထုတ်လုပ်ဖြန့်ဖြူး ရောင်းချကြရန် ဆွေးနွေးမှာကြားသည်။

ထို့နောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် မွန်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ပြည်နယ်ရုံး၌ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များနှင့် တွေ့ဆုံ၍ လိုအပ်ချက်များ ဆွေးနွေးမှာကြားသည်။

မတ် ၄ ရက် နံနက်ပိုင်းတွင် တိုင်းမှူးနှင့် ဗဟိုအလုပ်အမှုဆောင်တို့သည် အဖွဲ့ဝင်များနှင့်အတူ ရေးမြို့နယ်သို့ ရောက်ရှိပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များနှင့် တွေ့ဆုံ၍ တိုင်းမှူးနှင့် ဗဟိုအလုပ် အမှုဆောင်တို့က အမှာစကားအသီးသီးပြောကြားကြပြီး ဗဟိုအလုပ်အမှုဆောင်က အသင်းဝင်အဆိုပြုလွှာ အစောင် ၁၉၀၀ ကို လက်ခံသည်။

မွန်းလွဲပိုင်းတွင် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ရေးမြို့နယ် အစင်ကျေးရွာသို့ ရောက်ရှိပြီး ကျေးရွာရှိ သီရိမင်္ဂလာဓမ္မာရုံ၌ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံ၍ ဗဟိုအလုပ်အမှုဆောင်က အမှာစကားပြောကြားသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင်က အသင်းဝင်အဆိုပြုလွှာ ၈၃၈ စောင်ကို လက်ခံပြီး ကျေးရွာအတွက် အလှူငွေများ ပြန်လည်ပေးအပ်သည်။ ညနေပိုင်းတွင် တိုင်းမှူး၊ ဗဟိုအလုပ်အမှုဆောင်နှင့် အဖွဲ့သည် အစင်ကျေးရွာနှင့် ဇီးဖြူတောင် ကျေးရွာချင်းဆက် အရှည် ပေ ၁၈၀၊ အကျယ် ၂၄ ပေရှိ သံကူကွန်ကရစ် တံတားတည်ဆောက်နေမှုကို ကြည့်ရှုပြီး တံတားအမြန်ပြီးစီးရေးနှင့် တံတားရေရှည် ခိုင်ခံ့အောင်ဆောင်ရွက်ရေးမှာကြားပြီး ဗဟိုအလုပ်အမှုဆောင်နှင့် တိုင်းမှူးတို့က လိုအပ်သည်များ ကူညီပံ့ပိုးပေးသည်။ ထို့နောက် ဟံဂံကျေးရွာသို့ ရောက်ရှိပြီး ဟံဂံကျေးရွာနှင့် ခေါဇာမြို့နယ်သို့ ဆက်သွယ်ထားသည့် ကျေးရွာချင်းဆက်တံတားကို ကြည့်ရှုပြီး ပြည်နယ် အင်ဂျင်နီယာမှူးကြီးက တံတားကြီးကြံ့ခိုင်မှု လက်ရှိအခြေအနေကို ရှင်းလင်းတင်ပြရာ တိုင်းမှူးနှင့် ဗဟိုအလုပ်အမှုဆောင်တို့က ဌာနဆိုင်ရာ တာဝန်ရှိသူများအား ယခုနှစ်မိုးရာသီမတိုင်မီ တံတားအား ပြင်ဆင်ဆောင်ရွက်ကြရန် မှာကြားပြီး လိုအပ်သည်များ ကူညီပံ့ပိုးပေးကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့် မွန်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အခြေခံကြံ့ခိုင်ရေးသင်တန်း အမှတ်စဉ်(၁) သင်တန်းအတွက် အလှူငွေများပေးအပ်စဉ်။** (သတ္တုတွင်း)

# အရှင်ဇဝန(ပဲခူး)၏ ဓမ္မသဘင်

**ရန်ကုန် မတ် ၈**

ရန်ကုန်မြို့ သုဝဏ္ဏ သဃ်န်းကျွန်းမြို့နယ် ရန်ကုန်သစ်ရပ်ကွက် ဘုရင့်နောင်ကမ်းနားလမ်း စံရိပ်ငြိမ်ကျောင်း ဆရာတော် နယ်လှည့်သာသနာပြု ဓမ္မကထိက အရှင်ဇဝန(ပဲခူး)သည် မတ် ၉၊ ၁၀ ရက်တွင် ဒိုက်ဦးမြို့နယ် ဖားအောက်စုရွာဓမ္မသဘင်၊ ၁၁ ရက်တွင် လှည်းကူးမြို့နယ် ရဲမွန်တပ်ဦးဓမ္မသဘင်၊ ၁၂၊ ၁၃ ရက်တွင် ပြွန်တန်ဆာမြို့နယ် အောင်ကြီးရွာ ဗုဒ္ဓပူဇနိယဓမ္မသဘင်၊ ၁၄၊ ၁၅ရက်တွင် ကော့မှူးမြို့နယ် သရက်တောရွာ မလွန်ဆန်လှူဓမ္မသဘင်၊ ၁၇၊ ၁၈ ရက်တွင် တပ်ကုန်းမြို့နယ် မျက်ရဲရွာ ဈာပနဓမ္မသဘင်၊ ၁၉ ရက်တွင် ကော့မှူးမြို့ မလွန်ဆန်လှူဓမ္မသဘင်၊ ၂၀၊ ၂၁ ရက်တွင် ကော့မှူးမြို့နယ် လာဝတီရွာ စုပေါင်းရဟန်းခံ ဓမ္မသဘင်၊ ၂၃ရက်တွင် ညောင်လေးပင်မြို့နယ် တော်ဝိရွာ ဗုဒ္ဓပူဇနိယပွဲဓမ္မသဘင်၊ ၂၄ ရက်တွင် လက်ပံတန်းမြို့နယ် ဥက္ကံရွာမ ဓမ္မသဘင်၊ ၂၅ ရက်တွင် သာပေါင်းမြို့ မြို့ဦးပထမပြန်စာသင်တိုက် ဆရာတော်ဦးကေလာသ၏ မွေးနေ့ဓမ္မသဘင်၊ ၂၆ ရက်တွင် သာပေါင်းမြို့ သစ်ထုတ်လုပ်ရေး ဓမ္မသဘင်၊ ၂၇၊ ၂၈ ရက် တွင် ဒေးဒရဲဓမ္မသဘင်၊ ၂၉ ရက်တွင် ထင်းရှူးရိပ်ဓမ္မသဘင်၊ ၃၀ ရက်တွင် ရွှေပြည်သာ သာစုကန်လှော်ကား သဘာဝကမ္မဋ္ဌာန်းကျောင်း ဓမ္မသဘင်၊ ၃၀ ရက်နှင့် ဧပြီ ၁ ရက်တွင် ကော့မှူးမြို့နယ် ဘို့ဒင်ရွာ ဗုဒ္ဓပူဇနိယဓမ္မသဘင်တို့၌ တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

# အိန္ဒိယနိုင်ငံ ဗုဒ္ဓဂယာမြန်မာရဟန်းတော်များ၏ သုံးထပ်ကျောင်းတော်ကြီးအတွက် လှူဒါန်းနိုင်

ရန်ကုန် မတ် ၈

ဦးဆောင်နာယက ဆရာတော်များဖြစ်ကြသော ဘဒ္ဒန္တ ကုဏ္ဍလဇောတိ (ပြည်ဆရာတော်)၊ ဘဒ္ဒန္တ ဉာဏိသရ (သီတဂူဆရာတော်)၊ ဘဒ္ဒန္တ တိလောကာဘိဝံသ (အင်းစိန်-ရွာမ ပရိယတ္တိ)၊ ဘဒ္ဒန္တ ကုမာရ (မဟာသိမ်တော်ကြီး)၊ ဘဒ္ဒန္တ ဆေကိန္ဒ (ဓမ္မဒူတဆရာတော်)တို့၏ ဩဝါဒကိုခံယူ၍ အိန္ဒိယနိုင်ငံ တက္ကသိုလ်အသီးသီးတွင် ပညာသင်ကြားနေကြသော မြန်မာရဟန်းသံဃာများ အဖွဲ့ပိုင် သုံးထပ်ကျောင်းတော်ကြီး (ဗုဒ္ဓဘာသာပညာရေးဗိမာန်တော်ကြီး)ကို အိန္ဒိယနိုင်ငံ ဗုဒ္ဓဂယာတွင် ဆောက်လုပ်လျက်ရှိရာ အလှူ့ဒါယကာ၊ ဒါယိကာမများအနေဖြင့် အရှင်ရာဇိန္ဒ(နာလန္ဒာတက္ကသိုလ်) ဖုန်း- ၀၉၅၁-၀၉၄၂၅၊ အရှင်ဥက္ကဋ္ဌ (မဂဓတက္ကသိုလ်) ဖုန်း- ၀၉၅၁-၆၂၁၉၃၊ ဒေါက်တာယဉ်မင်းဦး(ခ) ဒေါက်တာနိုက်တင်ဂေးလ် ဖုန်း- ၀၉၅၁-၆၃၄၉၃၊ ဦးမျိုးသန့်-ဒေါ်ကေသက်မော် ဖုန်း- ၀၉၅၀-၁၅၉၄၉နှင့် ဦးမျိုးဆွေ-ဒေါ်မြရှင် (သီရိသုဓမ္မသိင်္ဂီ) ဖုန်း- ၀၉၅၀-၁၅၉၂၅တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြကြောင်း သိရသည်။ (ကြေးမုံ)




**ဗိုလ်မှူးချုပ်လွန်းမောင်အား ရည်စူး၍ ဗဟန်းမြို့နယ် ရွှေတောင်ကြား (၁)လမ်းနေ ဇနီး သီရိသုဓမ္မသိင်္ဂီ ဒေါ်ရွှေသက်မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးတွင် ဆောက်လုပ်နေသော ခြောက်ထပ်ဆေးရုံသစ်ကြီးအတွက် အလှူငွေကျပ်ငါးသိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်တင် လက်ခံယူစဉ်။** (က-ပ)

# ရွှေမြင့်မိုရ်ကျောင်းတိုက် မိုးကုတ်ဓမ္မသဘင်

ရန်ကုန် မတ် ၈

မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်မှ ဓမ္မကထိက ရွှေမြင့်မိုရ်ကျောင်းတိုက် ပဓာနနာယကဆရာတော် ဗဟုဇနဟိတဓရ ဘဒ္ဒန္တ သောဘဏ (ဒီဃနိကာယ ကောဝိဒ သာသနဓဇ သိရီပဝရ ဓမ္မာစရိယ)သည် တောင်ဥက္ကလာပမြို့နယ် (၅)ရပ်ကွက် ပါရမီလမ်းရှိ ရွှေမြင့်မိုရ်ကျောင်းတိုက်၌ မတ် ၁၈ ရက်မှ ၂၇ ရက်အထိ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားပြသမည်ဖြစ်သည်။ ယောဂီများအနေဖြင့် လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၀၁-၅၇၁၂၅၈သို့ ဖြစ်စေ မတ် ၁၅ရက် နောက်ဆုံးထား စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (က-ပ)

**နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့**

လစဉ် လ၏ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့်ကိစ္စများမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ ဖြစ်သည်။

**၂၀၀၇ ခုနှစ် မတ်လ အတွက်**
**(၁၁-၃-၂၀၀၇) ရက်နေ့**
**နှင့်**
**(၂၅-၃-၂၀၀၇)ရက်နေ့**

# မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

**၉-၃-၂၀၀၇(သောကြာနေ့)**

**နံနက်ပိုင်း**

၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက၊ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
၇:၅၅ ၅။ ရိုးရာကျေးလက်ကစားနည်း
၈:၀၀ ၆။ အကပြိုင်ပွဲ
၈:၁၅ ၇။ ကြေးမုံရိပ်သွင်တေးနှုယဉ်
၈:၂၅ ၈။ ခရမ်းချောင်းတံတား
၈:၃၀ ၉။ International News.
၈:၄၅ ၁၀။ English for Everyday Use.
၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

**ညပိုင်း**

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀ ၃။ Demonstration Exereiner For Correct Prenunciation
၄:၄၅ ၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - ပထမနှစ် (သတ္တဗေဒအထူးပြု) (သတ္တဗေဒ)
၅:၀၀ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၅:၁၅ ၆။ မြန်မာစာ၊မြန်မာစကား
၅:၃၀ ၇။ နှောင်းခေတ်တေးပဒေသာ
၅:၄၅ ၈။ **"ဆေးလိပ်ကင်းကွာ အနုပညာကမ္ဘာ" (လွင်မိုး၊မင်းမော်ကွန်း၊ ဇာနည်၊ကင်းကောင်၊ စိုးမြတ်နန္ဒာ၊လှအဉ္စလီတင့်၊ ကြည်လဲ့လဲ့ဦး၊ဂွမ်းပုံ)**
၅:၅၀ ၉။ တပ်မတော်နေ့ဂုဏ်ပြုတေးသီချင်းပြိုင်ပွဲ ဆုရတေးများ(၂၀၀၅ခုနှစ်)
၆:၀၀ ၁၀။ ညနေခင်းသတင်း
၆:၃၀ ၁၁။ မိုးလေဝသအခြေအနေ
၆:၃၅ ၁၂။ သုတစုံလင် ရွှေဉာဏ်ရှင်
၇:၀၅ ၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ "သစ်ရွက်ကလေး၏ ရင်ခုန်သံ" (အပိုင်း-၅)**
၈:၀၀ ၁၄။ ပြည်တွင်းသတင်း
၁၅။ နိုင်ငံတကာသတင်းများ
၁၆။ မိုးလေဝသအခြေအနေ
၁၇။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အကြင်နာနွေဦး" (အပိုင်း-၁၉)**
၁၈။ နောက်တစ်နေ့အစီအစဉ်
၁၉။ အစီအစဉ်ပြီး၏။



ပုသိမ်မြို့ မြောင်းမြ ပရိယတ္တိစာသင်တိုက် ပဓာန အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဂန္ထဝါစက ပါဠိပါရဂူ ဘဒ္ဒန္တ ဝဏ္ဏိတ ဦးစီးကျင်းပသော (၂၄)ကြိမ်မြောက် ရွှေကျင်ဂိုဏ်းလုံးဆိုင်ရာ ဝိနည်းစာဖြေ၊ စာပြန်ပွဲအတွက် ပုသိမ်မြို့နေ ဖခင် ဦးအောင်ညွှန့်၊ မိခင် ဒေါ်ကျင်တို့အား ရည်စူး၍ ဦးထွန်းအေး ဒေါ်ကေသွယ်ဝင်း (ရွှေပုသိမ်)မိသားစုက ဆွမ်းအလှူတော်ငွေကျပ် ၁၀သိန်း ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

## ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
## မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန
## မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန

# ရန်ကုန်တိုင်းအတွင်း ကြက်ငှက်သေဆုံးမှုစစ်ဆေးချက်သတင်း

ရန်ကုန် မတ် ၈

**ရန်ကုန်တိုင်းမြို့နယ်များအတွင်း ၈–၃–၂၀၀၇နေ့ ကြက်ငှက်သေဆုံးမှုဖြစ်စဉ်များနှင့် အရေးယူဆောင်ရွက်မှုများ**

(က) **ငှက်မြေကျသေဆုံးမှု။** (၈–၃–၂၀၀၇)နေ့တွင် လှိုင်သာယာ၊ ဒဂုံ၊ မရမ်းကုန်း၊ အင်းစိန်၊ စမ်းချောင်း၊ ဒဂုံမြို့သစ်(တောင်ပိုင်း)၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ အလုံ၊ သာကေတ၊ ဗဟန်း ၁၀မြို့နယ်အတွင်း ကျီး ၁၀ကောင်၊ ခို ခုနစ်ကောင်၊ စာကလေးနှစ်ကောင်၊ ဆက်ရက်တစ်ကောင် မြေကျသေဆုံးခဲ့ပါကြောင်း။

(ခ) **ကြက်၊ ဘဲသေဆုံးမှု။** မင်္ဂလာဒုံ၊ ကမာရွတ်၊ မရမ်းကုန်းမြို့နယ်များတွင် တိုင်းရင်းကြက်တစ်ကောင်၊ စီးပွားဖြစ် အသားစားကြက်ငါးကောင်နှင့် ဒေသဘဲနှစ်ကောင် သေဆုံးခဲ့ပါကြောင်း။

(ဂ) **တိရစ္ဆာန်ရောဂါရှာဖွေရေးဓာတ်ခွဲခန်းစစ်ဆေးချက်။** ကြက်၊ငှက်များတွင် ကြက်၊ငှက်တုပ်ကွေး ရောဂါပိုးမတွေ့ရှိရပါကြောင်း။

**မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန**
**မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန**

## ကြေးမုံ The Mirror ပြည်တွင်းသတင်းမှတ်စု

### ကုန်သည်/စက်မှုအသင်းချုပ် ဆွေးနွေးပွဲများ တက်ရောက်နိုင်

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် (၁၆)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးနှင့်အတူ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေးပွဲများကို ကျင်းပမည်ဖြစ်ပြီး ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်း အမှတ်(၂၉)ရှိ UMFCCI Office Tower ၌ စီးပွားရေးကဏ္ဍကြီးရှစ်ခုကို သုံးရက်ကြာ ဆွေးနွေးမည်ဖြစ်သည်။

ဆွေးနွေးပွဲများကျင်းပရာ၌ မတ် ၁၀ရက်တွင် သတင်းအချက်အလက်နှင့် နည်းပညာ၊ သယ်ယူပို့ဆောင်ရေးကဏ္ဍ၊ မတ် ၁၁ ရက်တွင် ကုန်သွယ်ရေး၊ ဘဏ်လုပ်ငန်းနှင့် ဘဏ္ဍာရေး၊ စိုက်ပျိုးရေးကဏ္ဍ၊ မတ် ၁၂ရက်တွင် စက်မှုလက်မှုနှင့် စွမ်းအင်၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း၊ အထွေထွေစီးပွားရေးကဏ္ဍများကို ဆွေးနွေးမည်ဖြစ်သည်။

ဆွေးနွေးပွဲများသို့ ညီနောင်အသင်းများမှ အသင်းဝင်များသည် ဆွေးနွေးပွဲတက်ရောက်သူအဖြစ် တက်ရောက်နိုင်ပြီး စိတ်ပါဝင်စားသူများသည် လေ့လာသူများအဖြစ် မှတ်ပုံတင်၍ တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။

### ချောက်မြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေး

ချောက်မြို့နယ်အသင်း(ရန်ကုန်)က ကြီးမှူး၍ အသင်းနှစ်ပတ်လည်အစည်းအဝေးနှင့် ၂၀၀၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့်ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် အသင်းဝင်များ၏ သားသမီးများအား ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို ဧပြီလတွင် ကျင်းပမည်ဖြစ်ရာ ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သူများ၏ အမှတ်စာရင်းမိတ္တူကို မတ် ၂၀ရက် နောက်ဆုံးထားပြီး အသင်း ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ဦးကျော်ဇံ ဖုန်း–၅၂၄၈၀၇၊ ဒေါက်တာမောင်မောင်မြင့် ဖုန်း–၂၄၀၅၄၄၊ အတွင်းရေးမှူး ဦးဌေးအောင် ဖုန်း–၂၉၃၄၂၀တို့ထံ ဆက်သွယ်ပေးပို့ကြရန် အမှုဆောင်အဖွဲ့က နှိုးဆော်ထားသည်။

### အကြို အခြေခံမီးသတ်သင်တန်းဖွင့်

မတ်၆ရက်က တောင်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့မဈေးကြီးတွင် စည်ပင်သာယာရေးဝန်ထမ်းများနှင့် ဈေးမိဈေးဖများ ပါဝင်သော အကြိုအခြေခံမီးသတ်သင်တန်းအမှတ်စဉ်(၃/၂၀၀၇)ကို တောင်ကြီးမြို့နယ် စည်ပင်သာယာရေးဈေးအတွင်းကျင်းပရာ ပြည်နယ် မီးသတ်ဦးစီးဌာနမှူး ဦးအောင်မြင့်၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်စွာ၊ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမောင်စိုးတို့က သင်တန်းဖွင့်အမှာစကားပြောကြားပြီး သီးသန့်မီးသတ်တပ်ဖွဲ့ဝင် ၇၀ တက်ရောက်ကြောင်း သိရသည်။

### မီးလောင်မှုသတင်း

စစ်ကိုင်းတိုင်း ဖောင်းပြင်မြို့နယ် မိုင်းနွဲကျေးရွာအုပ်စု ဇီးကုန်းကျေးရွာ၌ မတ် ၆ ရက်တွင် မီးဖို မီးကြွင်းမီးကျန်မှ မီးလောင်မှုဖြစ်ပွားရာ အိမ် ၂၀ မီးလောင်ဆုံးရှုံးခဲ့ပြီး လူ ၁၀၀ ကျော် အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့ရသည်။

စစ်ကိုင်းတိုင်း တမူးမြို့ ဈေးတန်းရပ်ရှိ ဆိုင်ခန်းတစ်ခန်း၌ မတ် ၇ ရက်တွင် မီးဖိုမီးမှ မီးလောင်မှုဖြစ်ပွားရာ ဆိုင်ခန်းရှစ်ခန်း မီးလောင်ဆုံးရှုံးခဲ့ပြီး အမျိုးသမီးတစ်ဦး မီးခိုးမွန် သေဆုံးခဲ့သည်။

ပဲခူးတိုင်း နတ်တလင်းမြို့ အေးချမ်းသာမြို့သစ် ဆရာစံလမ်း၌ မတ် ၇ ရက်တွင် ကလေးတစ်ဦး မီးခြစ်ဆော့ကစားရာမှ မီးလောင်မှုဖြစ်ပွားရာ တဲအိမ် နှစ်လုံး မီးလောင်ဆုံးရှုံးခဲ့ပြီး အမျိုးသမီးကြီးတစ်ဦး သေဆုံးခဲ့သည်။

ရန်ကုန်တိုင်း သင်္ဃန်းကျွန်းမြို့နယ် သုဝဏ္ဏ(၂၉)ရပ်ကွက် ပေါ်ဆန်းမွှေးလမ်း၌ မတ် ၈ ရက်တွင် ကော်စေ့အပူပေးရာမှ မီးလောင်မှုဖြစ်ပွားရာ အိမ် ၁၄လုံး မီးလောင်ဆုံးရှုံးခဲ့ပြီး လူ ၉၅ဦး အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရကြောင်း သတင်းရရှိသည်။ (ကြေးမုံ)

## မီးသုံးစွဲလျှင် အသိယှဉ် ဆင်ခြင်သတိ အမြဲရှိ

## ကန့်သတ်အရွယ် ကဏန်းငယ်များ ပြန်လည်လွှတ်ပေး

ရန်ကုန် မတ် ၈

မွန်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာန၏ ဦးဆောင်မှုဖြင့် မော်လမြိုင်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူးနှင့် အဖွဲ့သည် မော်လမြိုင်မြို့၌ ရေထွက်ကုန်ပစ္စည်း ဝယ်ယူစုဆောင်းနေသည့် ကဏန်းအဝယ်ဒိုင်များသို့ ကွင်းဆင်းပြီး ငါးလုပ်ငန်းဦးစီးဌာနက မျိုးထိန်းသိမ်းရန် ကန့်သတ်ထားသည့် ၁၀၀ ဂရမ်အောက် ကဏန်းငယ်များ ရောင်းဝယ်စုဆောင်းခြင်း ရှိ၊ မရှိ လိုက်လံစစ်ဆေးသည်။

ထိုသို့ လိုက်လံစစ်ဆေးရာတွင် ဒိုင်လေးဒိုင်၌ ကဏန်းရှာဖွေသူများထံမှ ဝယ်ယူစဉ် ပါလာသည့် ကန့်သတ်အရွယ် ကဏန်းငယ်များ စုစုပေါင်း အကောင် ၇၅၀ ကို စစ်ဆေးတွေ့ရှိသဖြင့် ရောင်းချသူနှင့် ဝယ်ယူသူတို့အား ငါးလုပ်ငန်းဦးစီးဌာနက ပညာပေးစည်းရုံးပြောကြားပြီး အဆိုပါ ကဏန်းငယ်များကိုသိမ်းဆည်းကာ မွန်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးစိုးမြင့်၊ ခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးသက်ဦးနှင့် လုပ်ငန်းရှင်များသည် မတ် ၁ရက် နံနက်ပိုင်းတွင် မော်လမြိုင်မြို့ သံလွင်ဆိပ်ခံတံတား၌ သံလွင်မြစ်ရေပြင်သို့ ပြန်လည် လွှတ်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(အောက်ပုံ)** (သတင်းစဉ်)



## ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ထိန်းချုပ်ရေး ညှိနှိုင်းစည်းဝေး

ရန်ကုန် မတ် ၈

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံး အစည်းအဝေးခန်းမ၌ ယနေ့ မွန်းလွဲ ၁နာရီတွင် FAOမှ မြန်မာဌာနေကိုယ်စားလှယ် Mr. Tang Zhengping၊ USAID ဒေသညှိနှိုင်းရေးမှူး Dr. Mac Arthur၊ ကြက်ငှက်တုပ်ကွေး ဓာတ်ခွဲခန်း ကျွမ်းကျင်ပညာရှင် Dr. Sudarat Darnongwatanapokin၊ ဒေသဆိုင်ရာ FAO ရုံးမှ ကြက်ငှက်တုပ်ကွေးဆိုင်ရာ အကြီးတန်း စီမံခန့်ခွဲရေးအရာရှိ Mr. Kumar Upadhyay၊ ကြက်ငှက်တုပ်ကွေးဆိုင်ရာညှိနှိုင်းရေးမှူး Dr. Wantanee Kalpravidh၊ အမေရိကန်သံရုံးမှ စီးပွားရေးဌာန ပထမအတွင်းဝန် Ms. Manlowe Teresa၊ ကမ္ဘာ့ဘဏ်မှ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် သဘာဝအရင်းအမြစ်များ စီမံခန့်ခွဲရေးဌာနစိတ် စီမံခန့်ခွဲရေးအရာရှိ Mr. Steven Schonberger နှင့် လူအင်အား ဖွံ့ဖြိုးတိုးတက်မှုအစီအစဉ် ကျွမ်းကျင်သူ Mr. Kwanpadh Suddhi Dhamakit တို့သည် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ညွှန့် ဦးဆောင်သော တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ လက်ရှိ ရန်ကုန်တိုင်းအတွင်း ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားခဲ့မှုအခြေအနေနှင့် ထိန်းချုပ် ဆောင်ရွက်ထားရှိမှုအခြေအနေ၊ FAOမှတစ်ဆင့် ကမ္ဘာ့ဘဏ်မှ ထောက်ပံ့ပေးမည့်အစီအစဉ်နှင့် ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်များကို ဆွေးနွေးညှိနှိုင်းခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

**၉–၃–၂၀၀၇ (သောကြာနေ့)**

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇:၀၀ | ၁။ | မြဝတီအဖွင့် |
| ၇:၀၅ | ၂။ | အဖွင့်သီချင်း |
| ၇:၁၀ | ၃။ | မျိုးချစ်တပ်မတော် |
| ၇:၂၀ | ၄။ | မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း |
| ၇:၃၀ | ၅။ | မြန်မာသံစဉ်ချိုနှားဝင် |
| ၇:၄၅ | ၆။ | မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ် |
| ၇:၅၀ | ၇။ | သာယာသီကြွေးခေတ်ဆန်းတေး |
| ၇:၅၅ | ၈။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၈:၀၀ | ၉။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၈:၁၀ | ၁၀။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၈:၁၅ | ၁၁။ | အပိတ်နှုတ်ဆက်စကား |
| ၈:၁၆ | ၁၂။ | ပြီးပါပြီ။ |

**ညပိုင်း**

| | | |
|---|---|---|
| ၄:၀၀ | ၁။ | မြဝတီအဖွင့် |
| ၄:၀၅ | ၂။ | အဖွင့်သီချင်း |
| ၄:၁၀ | ၃။ | လက်စွမ်းပြဟန်ဂီတသံ |
| ၄:၁၅ | ၄။ | ရင်ခုန်စီးဆင်းအချစ်သီချင်း |
| ၄:၃၅ | ၅။ | နားဝင်ငြိမ့်စီးသီချင်းကြီး |
| ၄:၅၅ | ၆။ | မျိုးချစ်တပ်မတော် |
| ၅:၂၅ | ၇။ | အလွမ်းတေးပန်းချီချစ်သူဆီ |
| ၅:၄၀ | ၈။ | သာယာသီကြွေးခေတ်ဆန်းတေး |
| ၆:၀၀ | ၉။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၆:၁၀ | ၁၀။ | နိုင်ငံတကာသတင်း |
| ၆:၂၀ | ၁၁။ | မိုးလေဝသသတင်း |
| ၆:၃၀ | ၁၂။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၆:၃၅ | ၁၃။ | စောင့်မျှော်ရှုစားကြိုးဝိုင်းစကား |
| ၆:၄၀ | ၁၄။ | လျှပ်တစ်ပြက်ရိုက်ချက် |
| ၇:၀၀ | ၁၅။ | **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မြစ်တစ်စင်းရဲ့သံစဉ်" (အပိုင်း–၂၈)** |
| ၈:၀၀ | ၁၆။ | မြဝတီရုပ်မြင်သံကြားသတင်း |
| | ၁၇။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| | ၁၈။ | စိုက်ပျိုးသုတ |
| | ၁၉။ | ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင် |
| | ၂၀။ | **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ရွှေမင်းသမီး" (ဒုတိယတွဲ) (အပိုင်း–၂၇)** |
| | ၂၁။ | သင့်အတွက်မနက်ဖြန် |
| | ၂၂။ | အပိတ်နှုတ်ဆက်စကား |
| | ၂၃။ | ပြီးပါပြီ။ |

## အင်တာနက် ကျန်းမာရေးသတင်း

### ကြက်ငှက်တုပ်ကွေးကာကွယ်ဆေး အောင်မြင်စွာ စမ်းသပ်ထုတ်လုပ်

ကင်ဘာရာ မတ် ၈

ဩစတြေးလျသုတေသီများသည် ကြက်ငှက်တုပ်ကွေး ကာကွယ်ဆေးအသစ်တစ်မျိုးကို အောင်မြင်စွာ စမ်းသပ်ထုတ်လုပ်နိုင်ခဲ့ပြီဖြစ်ကြောင်း သတင်းများက ယနေ့ ဖော်ပြသည်။

ထိုဆေးအာနိသင် ကောင်း၊ မကောင်းကို စေတနာ့ဝန်ထမ်းအစမ်းသပ်ခံသူ လူနှစ်ရာ၏ အကူအညီဖြင့် ပါ့သ်မြို့ရှိ မာဂရက်မင်းသမီးဆေးရုံတွင် စမ်းသပ်လေ့လာခဲ့သည်။

ထိုလေ့လာချက်အရ ယခုစမ်းသပ်ထုတ်လုပ်သော ကြက်ငှက်ရောဂါကာကွယ်ဆေးသည် အာနိသင်ရှိကြောင်း တွေ့ရှိရသည်ဟု သုတေသီအဖွဲ့ခေါင်းဆောင် ပီတာရစ်မွန်က ပြောကြားသည်။ စမ်းသပ်ခံသူများ၏ အသက်အပိုင်းအခြားသည် (၁၈)နှစ်မှ (၆၄)နှစ်အတွင်းရှိသူများ ဖြစ်သည်။

ယင်းစမ်းသပ်မှုမှ ရရှိလာသော သတင်းအချက်အလက်များကို စိစစ်အကဲဖြတ်နိုင်ရန်အတွက် ကုထုံးဆိုင်ရာ ကြီးကြပ်ရေးအဖွဲ့သို့ တင်ပြထားပြီးဖြစ်ကြောင်း သိရသည်။

ဆေး၏ အာနိသင်နှင့်ပတ်သက်၍ ကလေးငယ်များအပေါ်နှင့် လူကြီးများအပေါ် မည်သို့သက်ရောက်မှုရှိသည်ကို သေချာစွာသိရှိနိုင်ရန် လေ့လာမှုများဆက်လက်ပြုလုပ်လျက်ရှိသည်။ ယင်းဆေးကို လူကြီးများနှင့် ကလေးများအပေါ်တွင် ယုံကြည်စိတ်ချစွာ အသုံးပြုနိုင်သည်ဟု သုတေသီရစ်မွန်က ပြောကြားသည်။

ဤဆေးသည် ကြက်ငှက်တုပ်ကွေးဗိုင်းရပ်စ်ပိုးကို တုံ့ပြန်နိုင်သည့်ပဋိပစ္စည်းများကို ကောင်းစွာထုတ်လုပ်ပေးနိုင်သဖြင့် ကြက်ငှက်တုပ်ကွေးရောဂါကို ကာကွယ်နိုင်မည်ဖြစ်ကြောင်း ကျွမ်းကျင်သူများက ယုံကြည်ထားကြသည်။

*အင်တာနက်*

# မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်

## အသင်းလိုက်နှင့် လူငယ်တင်းနစ်ပြိုင်ပွဲများကျင်းပမည်

**ရန်ကုန် မတ် ၈**

(၆၂)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်က ကြီးမှူး၍ Myanmar C.P ကုမ္ပဏီ၏ ပံ့ပိုးကူညီမှုဖြင့် အသင်းလိုက်နှင့် လူငယ်တင်းနစ်ပြိုင်ပွဲများကို မတ် ၂၀ရက်မှ ၂၆ ရက်အထိ သိမ်ဖြူတင်းနစ်အားကစားကွင်း၌ ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲအမျိုးအစားများမှာ (က) အဆင့် အသင်းလိုက်ပြိုင်ပွဲ၊ (ခ)အဆင့် အသင်းလိုက်ပြိုင်ပွဲ၊ အမျိုးသမီးတစ်ဦးချင်းနှင့် နှစ်ယောက်တွဲပြိုင်ပွဲ၊ အသက် ၁၀နှစ်၊ ၁၂နှစ်နှင့် ၁၄နှစ်အောက်လူငယ်တင်းနစ်ပြိုင်ပွဲများ ပါဝင်မည်ဖြစ်သည်။

(က)အဆင့် အသင်းလိုက်ပြိုင်ပွဲတွင် တစ်ဦးချင်းနှစ်ပွဲ၊ နှစ်ယောက်တွဲတစ်တွဲ ကစားခွင့်ပြုကာ အသင်း တစ်သင်းလျှင် အားကစားသမား လေးဦး(သို့) ငါးဦးပါဝင်ယှဉ်ပြိုင်ခွင့်ရှိပြီး လက်ရွေးစင်များနှင့် ပြည်နယ်၊ တိုင်းအဆင့် အားကစားသမားများ ပါဝင်နိုင်သည်။

(ခ)အဆင့်အသင်းလိုက်ပြိုင်ပွဲတွင် နှစ်ယောက်တွဲသုံးပွဲ ကစားခွင့်ပြုကာ တစ်သင်းလျှင် ခြောက်ဦး (သို့) ခုနစ်ဦးပါဝင်ယှဉ်ပြိုင်ခွင့်ရှိပြီး ပြည်နယ်နှင့် တိုင်းအဆင့် မဟုတ်သူများ ပါဝင်နိုင်သည်။

အသင်းတစ်သင်းလျှင် ပြည်နယ်၊ တိုင်းအဆင့် အသက် (၄၅) နှစ်အထက် လက်ရွေးစင်ဟောင်းတစ်ဦးသာပါဝင်ခွင့်ရှိပြီး အသက်(၅၀)နှစ်အထက် လက်ရွေးစင် ဟောင်းကန့်သတ်ချက်မရှိ ပါဝင်နိုင်သည်။

နယ်မှ လာရောက်ယှဉ်ပြိုင်သော ကလပ်အသင်းများနှင့် လူငယ်အားကစားသမားများအား မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်က တည်းခိုရန်စီစဉ်ပေးမည်။

ပြိုင်ပွဲဝင်လိုသူများသည် မတ် ၁၈ ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် ဖုန်း-၀၁-၃၇၂၃၆၀ သို့ ဆက်သွယ်စာရင်းပေးသွင်းရန်နှင့် မတ် ၁၉ ရက် မွန်းလွဲ ၁ နာရီတွင် ပွဲစဉ်များရေးဆွဲမည့် တင်းနစ်အဖွဲ့ချုပ်ရုံးခန်းသို့ အသင်းတာဝန်ရှိသူတစ်ဦး တက်ရောက်စေရန် ဖိတ်ခေါ်ထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)


Myanmar C.P CO.,LTD

MCPI

(၆၂)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့်

*Myanmar C.P Inter Club and U10, U12, U14 Junior Tennis Tournament*

၂၀.၃.၂၀၀၇ မှ ၂၆.၃.၂၀၀၇ ထိ သိမ်ဖြူတင်းနစ်ကွင်း


## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၉-၃-၂၀၀၇ (သောကြာနေ့)**

| | |
|---|---|
| ၇း၀၀ | MRTV-4 အဖွင့်Logo၊ ယနေ့အစီအစဉ် |
| ၇း၀၅ | **အမွေခံထိုက်သူဖြစ်ပါစေ တရားတော် "ဒေါက်တာအရှင်ကောဝိဒ" (မဇ္ဈိမဂုဏ်ရည်ဆရာတော်) (အပိုင်း-၁)** |
| ၇း၅၀ | ကျော်ကြားထုတ်ကုန်စက်မှုဇုန် |
| ၈း၀၅ | တေးဂီတအစီအစဉ် |
| ၈း၁၀ | Myanmar Video Rhythm |
| ၉း၀၀ | အမုန်ချစ်မှအချစ်မုန် (ဖြိုးငွေစိုး၊ထက်ရှား၊ မေနန်းခေါင်၊ဒေါ်အိအိစိုး) |
| ၉း၁၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၉း၂၀ | Yangon Panorama (Art Collection) |
| ၉း၄၀ | တေးဂီတအစီအစဉ် |
| ၉း၄၅ | သိမြင်သုတတိုးပွားစေရာ ဆင္ဍသံဂါယနာ မော်ကွန်းပြတိုက်မှာ |
| ၁၀း၁၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၀း၁၅ | သာယာချိုအေး (၃၈)ဖြာမင်္ဂလာတေး (သူမြတ်ကျင့်ထုံးနှလုံးသွင်း) |
| ၁၀း၂၅ | တေးဂီတအစီအစဉ် |
| ၁၀း၃၀ | သိစေချင်သည် ICT(Junior Management) ဦးမျိုးအောင် (CEO) |
| ၁၀း၅၀ | မိုးလေဝသခန့်မှန်းချက် |
| ၁၀း၅၅ | ပြည်ပဝင်ငွေတိုးစေဖို့ သားငါးကဏ္ဍမြှင့်တင်စို့ |
| ၁၁း၀၅ | တေးဂီတအစီအစဉ် |
| ၁၁း၁၀ | ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်ဆီသို့ (ရှမ်းပြည်နယ်တောင်ပိုင်း၊ လွိုင်လင်ခရိုင်) |
| ၁၁း၂၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၁း၃၀ | ဉာဏ်ရည်မြင့်မားလေးနှစ်သား |
| ၁၁း၅၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၂း၀၀ | သစ်သီးဝလံပေါပြည့်ဝေဆာတို့မြေမှာ(စိမ်းချိုသရက်သီး) |
| ၁၂း၁၀ | တေးဂီတအစီအစဉ် |
| ၁၂း၁၅ | သဘာဝကပေးတဲ့ အကျိုးအာနိသင် |
| ၁၂း၃၀ | တေးဂီတအစီအစဉ် |
| ၁၂း၃၅ | လေးဖက်နာရောဂါဆိုတာ (ဒေါက်တာချစ်စိုး) (အပိုင်း-၃) |
| ၁း၀၀ | MRTV-4 အပိတ် Logo |

**အထက်ပါ ၆ နာရီစာ အစီအစဉ် များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁ နာရီမှ ည ၇ နာရီ အထိ တစ်ကြိမ်၊ ည ၇ နာရီမှ နံနက် ၁ နာရီအထိတစ်ကြိမ်၊ နံနက် ၁ နာရီမှ နံနက် ၇ နာရီအထိတစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄ နာရီအချိန်ပြည့် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။**

**MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။**

## မတ်လ ဒုတိယ ၁၀ရက်ပတ် မိုးလေဝသခန့်မှန်းချက်

**ရန်ကုန် မတ် ၈**

ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနိုင်သည်။

**- မိုးအခြေအနေ -**

ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်း အထက်ပိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နှစ်ရက်မှ သုံးရက်ခန့် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် အများအားဖြင့်သာယာမည်။

**- နေ့အပူချိန် -**

ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ မန္တလေးတိုင်း၊ မကွေးတိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် ဖြစ်မြဲထက်ပိုကာ ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် ဖြစ်မြဲခန့်သာရှိမည်။

**- မြူအခြေအနေ -**

ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် သုံးရက်မှ ငါးရက်ခန့်နှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နှစ်ရက်ခန့် နံနက်ပိုင်းတွင် မြူထုများ ဆိုင်းနိုင်သည်။

## ကျောက်ကြီးမြို့နယ်အတွင်း သောင်းကျန်းသူ အဖျက်သမားများ ထောင်ထားသည့် မိုင်းနင်းမိပေါက်ကွဲ၍ အပြစ်မဲ့ပြည်သူတစ်ဦး ခြေထောက်ပြတ် ဒဏ်ရာရ

**နေပြည်တော် မတ် ၈**

အကြမ်းဖက်သောင်းကျန်းသူ အဖျက်သမားများသည် နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးကို နှောင့်ယှက်ဖျက်ဆီးပြီး အပြစ်မဲ့ပြည်သူများအား သေကျေ၊ ဒဏ်ရာရ၊ အထိတ်တလန့်ဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် အဖျက်အမှောင့် လုပ်ရပ်များကို နည်းမျိုးစုံအသုံးပြု ဆောင်ရွက်လျက်ရှိရာ မတ် ၃ရက် ညနေ ၃ နာရီခွဲ ခန့်က ကျောက်ကြီးမြို့နယ် မြောင်းဦးကျေးရွာမှ ဦးသန်းလင်း၏သား မျိုးမင်းဆန်း အသက် (၂၀)နှစ်သည် ဝါးခုတ်ရန်အတွက် ရွာ၏အရှေ့တောင်ဘက်တောတွင်းသို့ သွားရောက်စဉ် သောင်းကျန်းသူ အဖျက်သမားများ ထောင်ထားသည့် မိုင်းတစ်လုံး နင်းမိပေါက်ကွဲ၍ ယင်း၏ဘယ်ဘက်ခြေထောက် ခြေကျင်းဝတ်မှ ပြတ်ကာ ဒဏ်ရာရရှိခဲ့သည်။

အဆိုပါ မိုင်းထိဒဏ်ရာရရှိသည့် မျိုးမင်းဆန်းအား သက်ဆိုင်ရာ တာဝန်ရှိသူများက မုန်းမြို့နယ် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်၍ ဆေးဝါးကုသမှုများနှင့် လိုအပ်သောပံ့ပိုးကူညီမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် သောင်းကျန်းသူ အဖျက်သမားများအား တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများက သတင်းဖော်ထုတ်ရှင်းလင်းလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# အင်တာနက်အားကစားသတင်းများ

## ချန်ပီယံလိဂ် ကွာတားဖိုင်နယ်အဆင့် မန်ချက်စတာယူနိုက်တက် တက်လှမ်း

**မန်ချက်စတာ(အင်္ဂလန်) မတ် ၈**

ချန်ပီယံလိဂ်၁၆သင်းအဆင့်ဒုတိယအကျော့ပွဲအဖြစ် မန်ချက်စတာယူနိုက်တက်အသင်းနှင့် လိုင်လီအသင်းတို့ ဗုဒ္ဓဟူးနေ့က ယှဉ်ပြိုင်ကစားခဲ့ရာ မန်ချက်စတာ ယူနိုက်တက်အသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသည်။ မန်ချက်စတာယူနိုက်တက်အသင်းသည် နှစ်ပွဲပေါင်း (၂-၀)ဖြင့် အနိုင်ရရှိကာ ချန်ပီယံလိဂ်ဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်သွားသည်။

အင်္ဂလန်မန်ချက်စတာမြို့တွင် ကျင်းပသော ဒုတိယအကျော့ပွဲ မှာ အိမ်ရှင်အသင်းအတွက် စိတ်ဓာတ်ရေးရာအရ အားသာမှုရှိသည်။ မန်ချက်စတာယူနိုက်တက်အသင်းသည် လေးနှစ်အတွင်း ပထမဆုံးအကြိမ် ချန်ပီယံလိဂ်ကွာတားဖိုင်နယ်အဆင့်သို့ တက်လှမ်းနိုင်ခြင်းဖြစ်သည်။

မန်ချက်စတာယူနိုက်တက်အသင်းအတွက် တစ်လုံးတည်းသောအနိုင်ဂိုးကို ဟင်းနရစ်လာဆင်ကပွဲချိန် ၇၂မိနစ်တွင် သွင်းပေးခဲ့သည်။ လာဆင်သည် အိုးလ်ထရက်ဖို့ဒ်ကွင်း၌ မန်ချက်စတာယူနိုက်တက်အသင်းအတွက် ၎င်း၏နောက်ဆုံးပွဲကို ကစားခဲ့ရာတွင် ဂိုးသွင်းနိုင်ခြင်းဖြစ်သည်။ လာဆင်သည် ဆွီဒင်နိုင်ငံမှ ဟယ်လ်ဆင်ဘော့အသင်း၏ အငှားချ စာချုပ်အရ မန်ယူအသင်းတွင် သက်တမ်းကုန်ဆုံးတော့မည် ဖြစ်သည်။ ***အင်တာနက်။***



**လိုင်လီအသင်းမှ စတီဗင်ဒူးမွန်း(ဝဲ)နှင့် မန်ချက်စတာယူနိုက်တက်အသင်းမှ စီရော်နယ်လ်ဒိုတို့ ဘောလုံးရရှိရေးယှဉ်ပြိုင်ကြစဉ်။** *(ဓာတ်ပုံ-အင်တာနက်)*

## နယ်သာလန်မှ ပီအက်စ်ဗွီအသင်း ကွာတားဖိုင်နယ်အဆင့်သို့ရောက်

**လန်ဒန် မတ် ၈**

ချန်ပီယံလိဂ်ဘောလုံးပြိုင်ပွဲ ၁၆သင်းအဆင့် ဒုတိယအကျော့အဖြစ် နယ်သာလန်နိုင်ငံမှ ပီအက်စ်ဗွီအိုင်ဟိုဗင်နှင့် အာဆင်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားရာတွင် တစ်ဖက်တစ်ဂိုးစီ သရေကျခဲ့ကြသည်။ ပီအက်စ်ဗွီအသင်းသည် နှစ်ပွဲပေါင်း (၂-၁) ဖြင့် အနိုင်ရရှိပြီး ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်သည်။

အဆိုပါပွဲတွင် ပီအက်စ်ဗွီအသင်းမှ ဘရာဇီးလူမျိုး နောက်ခံလူအဲလက်စ်က ပွဲချိန် ၅၈ မိနစ်တွင် ကိုယ့်ဂိုးကိုယ်သွင်းခဲ့ပြီး ပွဲချိန် ၈၃ မိနစ်တွင် ချေပဂိုးကို ၎င်းကိုယ်တိုင်ပြန်လည်သွင်းယူနိုင်ခဲ့သည်။***အင်တာနက်။***



**မတ် ၇ ရက်က ဂျာမနီနိုင်ငံ မြူးနစ်တွင် ကျင်းပသော ချန်ပီယံလိဂ် ဘောလုံးပြိုင်ပွဲတွင် ဘေယန်မြူးနစ်အသင်းမှ ရှိုင်းမက်ကိုင်းအား တွေ့ရစဉ်။** *ဓာတ်ပုံ-အင်တာနက်)*

## ရီးယဲလ်မဒရစ်အသင်းကို ဘေယန်မြူးနစ် အနိုင်ရ

**မြူးနစ် မတ် ၈**

ဂျာမနီနိုင်ငံ မြူးနစ်မြို့တွင် ဗုဒ္ဓဟူးနေ့ကကျင်းပသည့် ချန်ပီယံလိဂ် ဘောလုံးပြိုင်ပွဲ ၁၆ သင်းအဆင့် ဒုတိယအကျော့ပွဲ၌ ဘေယန်မြူးနစ်အသင်းက ရီးယဲလ်မဒရစ်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သဖြင့် နှစ်ပွဲပေါင်း (၄-၄)ဖြင့် ဂိုးအရေအတွက်ချင်း တူညီသော်လည်း ဂျာမနီနိုင်ငံမှ ဘေယန်မြူးနစ်အသင်းသည် အဝေးကွင်း ဂိုးစည်းမျဉ်းအရ အနိုင်ရရှိပြီး ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့သည်။ ***အင်တာနက်။***



**မတ် ၇ ရက်က လန်ဒန်ရှိ အမ်းမရိတ်အားကစားကွင်းတွင် ကျင်းပသော ချန်ပီယံလိဂ် ဘောလုံးပြိုင်ပွဲတွင် အာဆင်နယ်အသင်းဘက်သို့ ဂိုးသွင်းနိုင်ခဲ့ပြီးနောက် ပီအက်စ်ဗွီအသင်းမှ ဘောလုံးသမားများ အောင်ပွဲခံနေစဉ်။** *(ဓာတ်ပုံ-အင်တာနက်)*

## ချန်ပီယံလိဂ်ဘောလုံးပြိုင်ပွဲတွင် ဟင်နရီနှင့် ဆီဗက်စတာ ဒဏ်ရာရ

**လန်ဒန် မတ် ၈**

ဗုဒ္ဓဟူးနေ့က ကျင်းပသည့် ချန်ပီယံလိဂ်ဘောလုံးပြိုင်ပွဲတွင် အာဆင်နယ်အသင်းမှ တိုက်စစ်မှူး သီယာရီဟင်နရီသည်လည်းကောင်း၊ မန်ချက်စတာယူနိုက်တက်အသင်းမှ နောက်ခံလူ ဆီဗက်စတာသည်လည်းကောင်း ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း အင်တာနက်သတင်းတွင် ဖော်ပြသည်။

ဟင်နရီသည် ပီအက်စ်ဗွီအသင်းနှင့် ယှဉ်ပြိုင်ကစားချိန်အတွင်း ဝမ်းဗိုက်နှင့် ပေါင်တွင် ဒဏ်ရာရရှိခဲ့သည်။ ပြင်သစ်လူမျိုး နိုင်ငံတကာ ဘောလုံးသမားတစ်ဦးလည်းဖြစ်သူ ဟင်နရီသည် ခြေထောက်နှင့် တံကောက်ကြောထိခိုက်ဒဏ်ရာမှ ပြန်လည်နာလန်ထူလာခဲ့ပြီးနောက်တွင် ဗုဒ္ဓဟူးနေ့က ကျင်းပသော ဘောလုံးပြိုင်ပွဲ၌ ဒုတိယပိုင်းပွဲချိန်အတွင်း လူစားလဲကစားစဉ် ဒဏ်ရာရရှိခြင်းဖြစ်သည်။ မန်ချက်စတာယူနိုက်တက်အသင်းမှ ပြင်သစ်လူမျိုး ဆီဗက်စတာသည် ချန်ပီယံလိဂ် ဘောလုံးပြိုင်ပွဲနှင့် ပခုံးအဆစ်လွဲသည်ဟုယူဆရပြီး ဆေးဝါးကုသမှုခံယူရမည်ဖြစ်သည်။ ***အင်တာနက်။***

# တိုင်းမှူး ဗိုလ်ချုပ်သာအေး ဘုတလင်၊ ဒီပဲယင်းနှင့် အရာတော်မြို့နယ်များအတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် နွေစပါး၊ ဆောင်းသီးနှံ စိုက်ပျိုးရေးလုပ်ငန်းများ စစ်ဆေး

နေပြည်တော် မတ် ၈

**စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးသည် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် မတ် ၁ ရက် နံနက်ပိုင်းက ဘုတလင်မြို့နယ် ပြည်သူ့ဆေးရုံသို့ သွားရောက်၍ ဆေးရုံတက်လူနာများအား လှည့်လည်ကြည့်ရှု အားပေးကာ ထောက်ပံ့ငွေများ ပေးအပ်လှူဒါန်းသည်။**

ထို့နောက် တိုင်းမှူးသည် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ ဆေးရုံအုပ်ကြီး ဒေါက်တာထားထား၏ လိုက်လံရှင်းလင်း တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားညှိနှိုင်း ဆောင်ရွက်ပေးသည်။

မှာကြား

ယင်းနောက် တိုင်းမှူးသည် ဘုတလင်မြို့နယ် မီးသတ်အဆောက်အအုံဆောက်လုပ်မည့် မြေနေရာသို့လည်းကောင်း၊ ဘုတလင်မြို့ ဗန္ဓုလပန်းခြံသို့လည်းကောင်း၊ ဒီပဲယင်းမြို့နယ်၊ တင်းတပ်လက်ယာထိုးမြောင်းတစ်လျှောက် **စာမျက်နှာ ၉ ကော်လံ ၁ သို့ ✻**

**၂၀၀၇ ခုနှစ် (၄၄) ကြိမ်မြောက် မြန်မာ့ကျောက်မျက် ရတနာပြပွဲ ခင်းကျင်းပြသမှုများကို ရန်ကုန်မြို့ရှိ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ စစ်သံမှူးများနှင့် ကုလသမဂ္ဂ အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ ကြည့်ရှုလေ့လာကြစဉ်။**

(သတင်းစဉ်)

# (၄၄)ကြိမ်မြောက်မြန်မာ့ကျောက်မျက်ရတနာပြပွဲ သံအမတ်ကြီးများနှင့် စစ်သံမှူးများ ကြည့်ရှုလေ့လာ



**ရန်ကုန် မတ် ၈**

ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ ကျောက်မျက်ရတနာ ဈေးပြိုင်ခန်းမရှိ မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီက ကြီးမှူးကျင်းပသော ၂၀၀၇ ခုနှစ် (၄၄)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ခင်းကျင်းပြသမှုများကို ရန်ကုန်မြို့ရှိ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ စစ်သံမှူးများနှင့် ကုလသမဂ္ဂအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များသည် ယနေ့နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ အသီးသီး လာရောက်ကြည့်ရှုလေ့လာကြရာ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများက ကြိုဆိုကြပြီး ပြပွဲခင်းကျင်းပြသမှုများကို လိုက်လံရှင်းလင်းပြသကြသည်။

(သတင်းစဉ်)



## ကြည့်ရှုလေ့လာ

**၂၀၀၇ ခုနှစ် (၄၄)ကြိမ်မြောက် မြန်မာ့ကျောက်မျက် ရတနာပြပွဲတွင် ပြသထားသော ကျောက်စိမ်းအတွဲများကို ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များ ကြည့်ရှုလေ့လာကြစဉ်။** (သတင်း-၈)

(သတင်းစဉ်)

ကြေးမုံ The Mirror

ဆောင်းပါး အညွှန်း

**"နိုင်ငံတော်အစိုးရသည် ယနေ့နိုင်ငံတော်တွင် ဖြစ်ပေါ်နေသော အခြေအနေမှန် အရပ်ရပ်ကို သိရှိပါသည်။ အနောက်နိုင်ငံများနှင့် ငွေကြေးအဖွဲ့အစည်းတို့က အမျိုးမျိုး ပိတ်ဆို့တားဆီးသည့်ကြားမှ နိုင်ငံနှင့် လူမျိုးအကျိုးအတွက် ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ကျားကုတ်ကျားခဲ လုပ်ကိုင်ပေးနေကြပါသည်"**

ငါးမင်းဆွေ၏ **"ကုန်ဈေးနှုန်းကျချင်သလား၊ လျှပ်စစ်မီး မှန်ချင်သလား"**

(ဆောင်းပါး) စာမျက်နှာ- ၆၊၇

## ထူးခြားသည့် နေ့အပူချိန်များ

(၈-၃-၂၀၀၇)

**အောင်လံ**

၃၈ ဒီဂရီစင်တီဂရိတ်
(၁၀၀ ဒီဂရီဖာရင်ဟိုက်)

**ရန်ကုန်**

၃၄ ဒီဂရီစင်တီဂရိတ်
(၉၄ ဒီဂရီဖာရင်ဟိုက်)